


မောင်စိန်ဝင်း
ပုတီးကုန်း
သောကငြိမ်ရာရတနာ
ကဗျာများ

မောင်စိန်ဂင်း(ပုတီးကုန်း)

၁၉၅၈ ခုနှစ်၊ မေလတွင် မွေးဖွားခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ဘီအီး(စက်မှု)ဘွဲ့ ရပြီး စက်ပစ္စည်းစက်ရုံ အမှတ်(၁)တွင် အမှုထမ်းနေသည်။

၁၉၆၅ ခု၊ ဩဂုတ်လမှ စတင်ပြီး မဂ္ဂဇင်းများတွင် ကဗျာများ ရေးသားခဲ့သည်။

၁၉၆၈ ခုနှစ်တွင် အေးငွေနှင့် တွဲဖက်၍ နံ့သာရွှေမှုံ ကဗျာများကိုလည်းကောင်း

၁၉၇၂ ခုနှစ်တွင် နေဆယ်စင်း လမင်းဆယ်ဆူ ကဗျာများကိုလည်းကောင်း

၁၉၇၄ ခုနှစ်တွင် သောကခြေရာ ကဗျာများကိုလည်းကောင်း ရေးသား ထုတ်ဝေခဲ့ပါသည်။

၁၉၈၃ ခုနှစ်တွင် လုံးချင်းဝတ္ထုများကို စတင် ရေးသားခဲ့ပါသည်။

## ကဗျာရေးသူ၏အမှာ

(၁)

- စားလည်းသည့်စိတ်၊ သွားလဲ သည့်စိတ်၊ ရည်းစား စထားစ လူပျိုပေါက်နယ် ရင်ခုန် လှုပ်ရှားရသော အလုပ်မှာ ကဗျာ စာအုပ် ထုတ်ရသော အလုပ်ဟု ကျွန်တော် ထင်ပါသည်။

(၂)

- ထုတ်ဝေခဲ့ဖူးပြီး ဖြစ်သည့် သောကခြေရာ ကဗျာများကို အစအဆုံး ပြန်ထည့်လိုက်ပြီး နံ့သာရွှေမှုန်ကဗျာများ စာအုပ်မှ ကဗျာ တချို့နှင့် နေဆာယ်စင်း လမင်းဆယ်ဆူ စာအုပ်မှ ကဗျာတစ်ချို့ကိုလည်း ထပ်မံ ထည့်သွင်းထားပါသည်။
- အချစ်ကြောင့် ရင်ခုန် လှုပ်ရှားခြင်း၊ ကြည်နူးကျေနပ်ခြင်း၊ လွမ်းဆွတ်ကြေကွဲခြင်း ဝေဒနာကဗျာတို့ကို အပိုင်း(၁)မှာ ထားပြီး အိမ်ထောင်သည်ဘဝမှာ ရှိသော ဘဝနှင့်အချစ် ကဗျာတို့ကို အပိုင်း(၂)မှာ ထားပါသည်။ အပိုင်း(၃)တွင် ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်မှ ရရှိသော အမြင်အတွေး ကဗျာစုတို့ကို ဖော်ပြထားလျက် အကျိုးပြုကဗျာ အချို့ကိုမူ သီးသန့် မထားပဲ အပိုင်း(၃)နောက်နားမှာ ရော၍ ဖော်ပြထားလိုက်ပါသည်။
- စာအုပ်ထုတ်ဝေတော့မည် ဆိုသောအခါ၌ တကွဲ တပြားစီ ဖြစ်နေသော ကဗျာများကို ပြန်လည်စုစည်းခြင်း၊ အထပ်ထပ် ဖတ်ရှုရွေးချယ်ခြင်း၊ အထားအသို အစီအစဉ် ရေးဆွဲခြင်းများကို အကြိမ်ကြိမ် ပြုလုပ်၍ ချစ်သူမျက်နှာကဲ့သို့ ကဗျာများကို ထာဝရ ထိတွေ့ကြည့်ရှု နေမိပြန်၏။
- ကြည်နူး ကျေနပ်စွာ ရင်ခုန် ခံစားနေရပါသဖြင့် ကဗျာစာအုပ် ထုတ်ရသော အလုပ်ကို ချစ်သူနှင့် တွေ့ရသည်သို့ ကျွန်တော် ထင်လာမိပြန်ပါသည်။

(၃)

- ကိုယ်တိုင် ပရူ ဖတ်သည့်ကြားမှ အမှားများ ပါသွားခြင်း၊ စက္ကူ အရည်အသွေးကို မကျေမနပ် ဖြစ်ရခြင်းတို့ကြောင့် ဘဝင် မကျနိုင် ဖြစ်ရပြန်၏။

- ဂုတ္တုတစ်အုပ်မှာကဲ့သို့ သည်စာအုပ်မှာ စိတ်တိုင်းမကျလျှင် နောက်တစ်အုပ်မှာ ပြန်ပြင်လုပ်နိုင်သည့် အခွင့်အရေးမျိုးမှာ ကဗျာစာအုပ်အတွက် အိမ်မက်တစ်ခုလိုသာ ဖြစ်မည် ထင်ပါ၏။

- အခက်အခဲ အမျိုးမျိုးကြားမှ စာပေစိတ်သက်သက်ဖြင့် ကဗျာ စာအုပ်တစ်အုပ် မဖြစ်မနေ ထုတ်ဝေပေးရဲသော ခေတ်စမ်းစာပေနှင့် စိတ်ရှည်လက်ရှည်စွာ သည်းခံ ဆောင်ရွက်ပေးကြသော တက်နေဝင်း ပုံနှိပ်တိုက်မှ လုပ်သားများ အားလုံးကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောချင်ပါသည်။

- နောက်ဆုံး ကဗျာစာအုပ် ထုတ်ဝေရခြင်းသည် အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး ဟု ဆိုသော အိမ်ထောင်ပြုရခြင်းမျိုးဟုသာ ကျွန်တော် ထင်လိုက်ပါသည်။

စာဖတ်ပရိတ်သတ်အား လေးစားချစ်ခင်လျက်

**မောင်စိန်ဝင်း(ပုတီးတုန်း)**

**အပိုင်း(၁)**

၁။ သောကခြေရာ (၁) မှ (၁၃)

၂။ ရတနာ (၁)မှ (၁၅)

၃။ အချစ်ဦး

၄။ အရိန္ဒမာ သိပါသည်

၅။ ပါးချိုင့်ကလေး

၆။ ပြယုဂ်

၇။ အခြေအနေ

၈။ အပြန်လမ်း

၉။နေဆယ်စင်း လမင်းဆယ်ဆူ

၁၀။ အရိပ်မည်း

၁၁။ သက်တန့်ရောင်

၁၂။ တံလှပ်

၁၃။ တိတ်တခိုး

၁၄။ အင်ကြင်းတစ်ခိုင်

၁၅။ သွားတက်ကလေး

၁၆။ အထီးကျန်

၁၇။ ချစ်သူ အိမ်ရှေ့ ဂင်းတံခါး

၁၈။ ဖမ်းစားခြင်း

၁၉။ တန်ဖိုး

၂၀။ အပြောင်းအလဲ

၂၁။ အလွမ်းပွင့်

၂၂။ ဖြေသိမ့်ခြင်း

၂၃။ အနောင်အဖွဲ့

၂၄။ ဂင်္ဂါ

၂၅။ စိမ်းသူ

၂၆။ လွမ်းရက်ရာထောင်

၂၇။ ရင်ခွင်ရိုင်း

၂၈။ အသိခက်သူ

၂၉။ လှည့်စားသူ

၃၀။ ချစ်သူ

၃၁။ မိုးဦး

၃၂။ ထားခဲ့တဲ့ ဝေဒနာ

၃၃။ မြှုပ်နှံ သင်္ဂြိုဟ်ခြင်း

၃၄။ နှင်း

၃၅။ အစဉ်သာ

၃၆။ ကစားစရာ ထင်ပါသလား

၃၇။ တဂဲလည်လည်

၃၈။ ထာဝရ ကလေးများ

၃၉။ သောကသောင်

၄၀။ မိုးထဲမှာ

၄၁။ အရိပ်များ

၄၂။ လွမ်းစံပယ်

၄၃။ ရတနာသူ

၄၄။ အဖြည့်ခံ

၄၅။ မစွန့်ဂံ့သူ

၄၆။ နွေဂဒနာ

၄၇။ သိုလှောင်ခြင်း

၄၈။ လမ်းခွဲခြင်း

၄၉။ လေထန်သောည

၅၀။ ကျွန်တော့်မြေမှာ

၅၁။ ပန်းဖျက်မှုဆိုး

၅၂။ မေ့နိုင်မလား

၅၃။ တခါက

**အပိုင်း(၂)**

၁။ တဖြစ်လဲ

၂။ ငါ၏နွေများ

၃။ နှင်းဆီနီ

၄။ လှေပျက်ပေါ်မှာ

၅။ အလယ်က အစ

၆။ ကတ္တီပါ ဖိနပ်တစ်ရံ

၇။ ပိန်းရွက်ပေါ်က ရေစက်ကလေး

၈။ တခါတုန်းက နေရာဟောင်း

၉။ မြစ်အကူး

၁၀။ ခရီး

၁၁။ အိပ်မက်ဖြူဖြူ

၁၂။ ကံ့ကော်အိပ်မက်များ

၁၃။ ဟိုဘက်ကမ်း သည်ဘက်ကမ်း

၁၄။ အိပ်မက်ပြယ်ခြင်း

၁၅။ ပခုံးဦးမှာ မှီချင်ပါတယ်

၁၆။ ခြားခံ

၁၇။ ယာယီပိတောက်

၁၈။ နံ့

၁၉။ မမေ့တတ်ချင်

၂၀။ ရာသီပန်း

၂၁။ ထာဝရ

၂၂။ နှင်းနှင့်ဥသြ

၂၃။ နားလည်ပါ

၂၄။ လမ်းလျှောက်ထွက်သူနှစ်ဦး

**အပိုင်း (၃)**

၁။ ဝိရောမိ

၂။ ရောဂါ

၃။ အနန္တ သို့မဟုတ်

၄။ ရာစုအသစ်မှာ

၅။ အခွံ

၆။ ပင်လယ်ခရီးသည်

၇။ ရုပ်မြင်သံကြား

၈။ အလုပ်စားပွဲက စကား

၉။ တချပ်မှောက်ဝိုင်း

၁၀။ မိုက်မဲသောဥယျာဉ်မှူး

၁၁။ ကန်တော်ကြီး၏ မနက်ခင်း

၁၂။ ဒီဇင်ဘာ မီးတောင်

၁၃။ ဘဝသစ်တပင်

၁၄။ နှစ်သစ်၌ ပြန်လည်မွေးဖွားခြင်း

၁၅။ နွေနှောင်းအိမ်၌

၁၆။ လမ်းခွဲခြင်း

၁၇။ အလှ္တာနှစ်ခု

၁၈။ ခရီးသည်

၁၉။ မြိတ်၊ ပီလောပီနံနှင့် ဟွန်ဒါ

၂၀။ မရဏာနုဿတိ

၂၁။ ခြေရာများ

၂၂။ နွေထဲမှာ

၂၃။ ခွေးခြသေ့်

၂၄။ စက္ကူပိတောက်

၂၅။ မှတ်တိုင်တခု

၂၆။ မကျေနပ်၍ ခွင့်မလွှတ်နိုင်ခြင်း

၂၇။ သတ္တိရှိသော သစ်တပင်

၂၈။ မပြည့်သောစောင်း

၂၉။ ပိုး

၃၀။ တရံရောခါ

၃၁။ လူတို့သည်

၃၂။ အလှကွယ်ချိန်

၃၃။ အိမ်အပြန်

၃၄။ လူ

၃၅။ ရင်းနှီးနေသောမျက်နှာများ

၃၆။ နေရာမှားသော်

၃၇။ အလှစုရာ

၃၈။ ခြေရာကောက်

၃၉။ ဆည်ဖို့ပဲ

၄၀။ ရွာကထိန်

၄၁။ တွေ့ဝေမှု သို့မဟုတ် အားငယ်ခြင်း

၄၂။ တံငါရွာက ဇာတ်လမ်း

၄၃။ အနီးအဝေး

၄၄။ အပူမီး

၄၅။ မာန်

၄၆။ သစ်ဆုံဆည်

၄၇။ နေလတို့ကွယ်နေလျှင်

၄၈။ ရွာလယ်ချောင်း

၄၉။ ကြေကွဲဖွယ်ည

**သောကခြေရာ(၅) ၊(၆)၊(၉)နှင့် (၁၀) ကဗျာများ မူရင်းစာအုပ်တွင်ပါပြနေ၍ ပါဝင်ခြင်းမရှိပါသဖြင့် သည်းခံတော်မူပါရန် ပန်ကြားပါသည်ခင်ဗျာ။**

**လေးစားစွာဖြင့်**

**Admin**

**မြန်မာ စာအုပ်များ**

**သောကခြေရာ (၁)**

သခင်......

မြင်စမ်းတော့လေ

နေဆယ်စင်းကို၊ ရင်တွင်းလှောင်ပိတ်

သော့ချိတ်ဆွဲခတ်၊ လုပ်မပြသာ။

ကြင်နာနှောင်ရစ်၊ ချစ်သတဲ့လား

စကားသည်လို၊ ဆိုတတ်သည့်ငှက်

ပြေးထွက်လေမှ၊ သည်ဘဝတော့

နှုတ်အပြီးပဲ၊ အသည်းသာရှိ

အလွမ်းချည့်ကျန်။

အစဉ်....

ရင်ထဲပတ္တမြား၊ အလွမ်းကြားနစ်

နစ်ရှည်လကြာ၊ ရာသီသာပြောင်း

ဟောင်းမယ်လို့များ၊ ထင်သလားလေ

သောကခြေရာ၊ ဝေဒနာပင်

ရှင်မြဲရှင်နေ

သခင်ကြည့်လှည့်မြင်တော်မူ....။

**သောကခြေရာ (၂)**

စံပယ်ပွင့်ပေမယ့်

စံပယ်နှင့် မတန်သူပါခင်။

မဆင်ရဲသူမို့

ရင်ထဲမှာတိတ်တခိုးနဲ့

မြတ်နိုးခံမင်။

အပင်ကို ပျိုးသူမို့

မြတ်နိုးလျှင် ပန်ဆင်ထိုက်ပေမယ့်

ပန်လိုက်လျှင် နွံ့သာခိုးသူလို့

ယိုးစွပ်ကာ စွဲချက်တင်

ပတ်ဝန်းကျင် ဆိုမှာပေါ့။

သည်တော့ကွယ်

စံပယ်နှစ်

ပန်းချစ်သူ အဆင်ခက်ပြီမို့

ပင်ထက်မှာ အလှဆင့်ကာ

(စံပယ်ရယ်...) ပွင့်လိုက်ပါတော့။ ။

**သောကခြေရာ(၃)**

ညခါဖြစ်၍၊ ချစ်သောလမှာ

အလှရှာချင်၊ ဝိညာဉ်တဆုံး

ဖုံးလွှမ်းအာရုံ၊ လမှာဆုံ၏။

ညခါဖြစ်၍၊ ချစ်သောကြယ်မှာ

အလှရှာချင်၊ ဝိညာဉ်တဆုံး

ဖုံးလွှမ်းအာရုံ၊ ကြယ်မှာဆုံ၏။

တကယ်တမ်းဆို

စွဲလမ်းခဲ့သည်၊ မျှော်လင့်သည်လည်း

နေရောင်ခြည်သာ၊ ဖြစ်ခဲ့ပါလျက်

ညမှာပျော်မွေ့၊ ကြယ်လ တွေ့ခိုက်

စိတ်မိုက်ယစ်မူး၊ လရောင်လူးကျုံ

ညဥ့်လယ်ယံမှာ၊ ဝဲပျံနေသောအချစ်ငှက်။

နှလုံးသား၏၊ ကိုယ်စားချစ်ငှက်

ညဘက်ပျံဝဲ၊ လရောင်ထဲတွင်

ပျော်ရွှင်မိန်းမူး၊ နေ့သစ်ကူးလျှင်

ပင်ပန်းနွမ်းလျ၊ အိပ်မောကျကာ

ခဏသေဆုံးရပြန်သည်။

သို့နှင့်ပင်

ရင်မှစွဲလမ်း၊ တမ်းတခဲ့သည်

နေရောင်ခြည်လျှင်၊ မတွေ့မြင်နိုင်

အစဉ်ပျောက်ဆုံး နေပါလား။

**သောကခြေရာ (၄)**

ပျံ့လွင့်ယိုဖိတ်

စိတ်အာရုံရုပ်

ချုပ်ရာငြိမ်းရာ

နိဗ္ဗာန်သာဆို

ညှို့နအိပွေ့

အတွေ့အထိ

တွယ်ငြိမနေ

ဝေဒနာစု

သူ့ မပြောမိ

ဘာသိဘာသာ

မျက်နှာချင်းဆုံ

နေရရှုံမှု

တဘာဝရဲ့

ခဏနိဗ္ဗာန်….။

**သောကခြေရာ(၇)**

မပြောသာတော့

ကွာခဲ့ပြီကော၊ မောလျှရင်မှာ

ဟာလိုက်နွမ်းနယ်၊ မှီတွယ်ရာကင်း

သင်း မသိလေ၊ နေမွန်းတည့်တည့်

ရင်မှာရှိသူ၊ သောကဆူ၏။

နေပါစေလား

မသနားတော့၊ ကစားသလို

ဟိုဝေးဝေးမှ၊ ပျပျသံမျှဉ်း

ညည်းဆဲပြီထင့်၊ မျှော်လင့်စရာ

နားမှာ တီးတိုး၊ ပိုးကြိုးညို့ငင်

သံစဉ်ဂီတ၊ အိပ်မက်ညကို၊ အလှဖန်ဆင်းထားပြန်သည်။

ယိုးရိပ်ဝိုးဝါး

ဖန်ဆင်းထားရစ်၊ ချစ်သူ့အရိပ်

တရွှေစိတ်လှန့်၊ ပျံ့ဆွတ်မောဖွယ်

တွယ်တာသလို၊ ကိုယ်မှာပူးကပ်

မလွတ်လပ်ချေ၊ နေဆဲနေရ

ပစ္စက္ခမှ၊ ခဏဖယ်ခွာ ပေးပါသခင်။

တကယ်ဆိုက

တစစီကွဲ၊ သီတွဲမရ၊ ဘဝတဆစ်၊ ကျန်ခဲ့ရစ်သော

နွမ်းမောတင်းကျပ်၊ အဟောင်းဇာတ်ထုပ်

မြေမှာမြုပ်၍ပစ္စုပ္ပန်မှာ၊ ခံစားလွတ်လပ်ခွင့်ပေးပါ။

**သောကခြေရာ (၈)**

မြေကြီးထဲမှာ၊ မဟူရာဖြစ်

နှစ်ပေါင်းရာထောင်၊ ကြာအောင်သိမ်းဆည်း

မြေ့အသည်းလေ၊ မြေပေါ်ကိုရောက်

ကျောက်မျက်ပဏ္ဏာ၊ ရတနာ။

ဒါပေမယ့်ခင်

ရင်ထဲမှာဖြစ်၊ မေတ္တာစစ်

နှစ်ပေါင်ကြာမြင့်

ပွင့်ခွင့်မကြုံ၊ ဖူးအငုံ

အမြုံသက်သက် ဝေဒနာ….။

**သောကခြေရာ(၁၁)**

---------------------

တပင်တည်း
ရင်ထဲက နွယ်....

ခက်ညွှန့်သန် နသစ်လို့
ရစ်ပတ်နှောင်တွယ်.....

သံယောဇဉ် ဆိုတာရယ်
နွယ်ကလေးတစ်ပင်ပေါ့...

ရာသီတွေ ဘယ်လိုပြောင်းပေမယ့်
ခေါင်းထောင်လို့ကြော့...။ ။

**သောကခြေရာ (၁၂)**

မပြုံးသာ မရယ်သာ
ရင်မှာသိသိပ်မောဲ
သောကဏ် ခြေရာတို့သည်လည်းကောင်း။
မရုန်းသာ မဖယ်သာ
အကြင်နာ ယိုဖိတ်သော
မောလျသည့် ဝေဒနာတို့သည် လည်းကောင်း။

ချစ်၏ ကြင်၏၊ သူမသိလေ
ဝေဒနာကို၊ ဘာသာသိုဝှက်
တရက်တနေ့၊ ရွှေ့ရွှေ့ကုန်ပြန်
မနက်ဖြန်ပေ့ါ၊ ပြောတော့ပြောမည်
ရည်ရွယ်ခဲ့လျက်၊ နှုတ်ကခက်တော့
အိပ်မက်တွေပဲ ကျန်တယ်လေ။

တခါတလေ၊ လာလေခေါ်ယူ
အတူလျှောက်စို့၊ ဟို့အနားမှာ
ကဗျာပင်အောက်၊ ကျွန်းတထောက်ခို
ပန်းကော်မယ်နော်၊ ပျော်တယ်မို့လား
ရင်ကြားမှာလေ၊ ပန်းတွေပိုက်ပွေ့
ပျော်ရွှင်မွှေ့လို့၊ တနေ့ကုန်မှ ပြန်ရအောင်။

ပန်းခင်းမွှေ့ရာ၊ ကဗျာနှင်းဆီ
သည်ပန်းတွေကြား၊ နှစ်ကိုယ်ကြားရှံ
ကြိုးစားပြောမယ်၊ တကယ်တော့လေ
ပျော်ပါစေလား၊ ကိုယ့်စကားကြောင့်
ပန်းများကိုခွာ၊ သူစိတ်နာလို့
ခမျာပန်းမုန်း လေမလား။

ပန်းတွေမုန်းယင်၊ လုံးလုံးကိုယ့်ကြောင့်
စိုးနှောင့်ဗျာဆူ၊ ကိုယ့်အပူကို

သူမသိစေ၊ နေတော့နေတော့
စိတ်ကိုလျှော့မယ်၊ တွယ်တာသမျှ
သည်ဘဝတော့၊ လနဲ့မြေလွှာ
ကွာကြီးကွာစမ်း၊ ကိုယ်ပဲလွမ်းမယ်
ပန်းမုန်းလူမုန်း၊ အဖြစ်ရှုံးယင်
နလုံးကွဲပြီး သေမှာပဲ။

အချစ်ရယ်
တွယ်တာတတ်လို့၊ အပြစ်ဖို့ယင်
ကိုယ့်အဆိုးပဲ ရှိစေတော့။

မရုန်းသာ မဖယ်သာ
အကြင်နာ ယှိဖိတ်ခိုက်ပါတည့်။
မပြုံးသာ မရယ်သာ
ရင်မှာသိုသိပ်လိုက်ပါ၏။

**သောကခြေရာ (၁၃)**
ဝေးကြပြီတည့်၊ သိကားသိနေ
ဝေဒနာစု၊ သူ့မှာ ကိုယ့်မှာ
ဘာသာဟန်လုပ်၊ မပူရုပ်နှင့် နှုတ်ဆက်သည်။

နေရစ်ပေတော့
နွမ်းလျော့ရှိုက်ငင်၊ သောကပင်မျိုး
ရင်မှာဆတ်ဆတ်၊ စိတ်မွန်းကျပ်နေ
ဝေဒနာကို၊ သိပါကြည့်ပါ
လုပ်ဟာမပြ တဘာဝစီ။

ပုထုဇဉ်တွေ
ရင်ထဲလှိုက်နွေး၊ မျက်လုံးလေးများ
တအားနှောင်ညို့၊ ဝန်းစို့ဝေရီ
သည်မှာစည်းစု၊ ခံစားမှုရှာန်
လွန့်လူးပျံ့ကြွ၊ ခဏဖြစ်ဖြစ်
ပစ္စက္ခကို မေ့ထားသည်။

ဦးနှောက်တွေက၊ ပြည့်ဆွန်ထိန်းချုပ်
ဟန်ဆောင်ရုပ်တွေ၊ နှုတ်ကစည်းစောင့်
တထောင့်တည၊ မပြောရအုံး
နှလုံးသား
ခဏနိဗ္ဗာန် ဖန်ဆင်းသည်။ ။

**ရတနာ(၁)**

အမေ့ခက်သည့်၊ နေ့ရက်များစွာ
ရတနာ.....

မျှော်လင့်ကြည်နူး၊ စိတ်ကူးများစွာ
ရတနာ....

တပ်မက်နှောင်ရစ်၊ ချစ်ခြင်းများစွာ
ရတနာ....

ပျော်ဖူးသည့်ရက်၊ အိပ်မက်များစွာ
ရတနာ....

ဝမ်းနည်းကြေကွဲ၊ ခွဲခွာဆို့နင့်
နွေနှင်းပွင့်လို၊ နေမြင့်လျှင်ပြေး
ဟိုဝေးဝေးမှာ၊ မှုန်မှေးပြယ်ပျက်
ချန်ထားရက်လျှင်....
တသက်နှောင်ရစ်ဖွဲ့၊ လက်ဆောင်အဖြစ်နဲ့
အချစ်ရဲ့ရုပ်ကြွင်း၊ 'လွမ်းချင်း'ကဗျာ
ရတနာလေ....
ရင်မှာထာဝရ ကျန်လိမ့်မည်။

**ရတနာ (၂)**

ရှိစေချင်သည်......
နားလည်မည့်သူ၊ အပူကိုမှု
ဖေးမအားဖြည့်၊ ကြင်နာကြည့်များ
စကားချိုမြွက်၊ ယုယရက်ရှည်
ချမ်းမြေ့ကြည်နူး၊ နေဖူးချင်သည်......

သူကမေ့လျှင်၊ ညှိုးသွေ့ရော်ရွက်
အလက်မဝေ၊ ခက်မဝေတည့်
နွေနေထိပန်း၊ ကြွေမည့်ပန်းပါ
တမ်းတဝမ်းနည်း ၊ မနာကျည်းဝံ့
အထီးကျန်ဆွေး၊ ဟိုရေးရှေးလို
ဝေးဝေးကသာ၊ လွမ်းပါမည်

သူနှင်မည့်နေ့ ၊ တနေ့နေ့ကို
ရွှေ့ရွှေ့ဖြတ်သန်း၊ လမ်းအဆုံးတည့်
မသိမဟုတ်၊ ထိန်းချုပ်ကင်းမဲ့
လျှောက်ခဲ့ပြီလား၊ စကားပြောဖော်
ခံစားဖော်ဖြစ်၊ သူစိတ်ညစ်မလား
ဖြစ်ခဲ့သည့်ဝန်၊ ကိုယ့်အလွန်ချည့်
နစ်ကျုံလင့်မျှော်၊ နားလည်သော်မှ
အဖော်တသက်၊ မခေါ်ရက်ပါ
ပျော်လျက်ပျော်ရာ နေပါစေ.....

**သောကခြေရာ ရတနာ**

သံယောဇဉ်များ
စကားအကြည့်၊ တွယ်ငြိထပ်ထပ်
ဖြေလျော့ဖြတ်ခက်၊ လပ်ဟာမွတ်သိပ်
တမ်းတစိတ်ဖြင့်၊ ပျော်ရိပ်ပျော်ဟန်
မပြန်ချင်မိ၊ရှိစေချင်သည်......

နားလည်မည့်သူ၊ အတူတကွ
အပူမျှလျက်၊ယုယရက်ရှည်
ချမ်းမြေ့ကြည်နူး၊ နေဖူးလိုက်ချင်
စိတ်ကူးယဉ်သည်......

**ရတနာ (၃)**
မမေ့တတ်ဟု၊ ယုံမှတ်ပြန်သည်
မောင်ရှိမိုးသည်း၊ မလာလဲလေ
လာနေမလား ထသွားပြန်ခက်
လာလျက်နဲ့များ၊ လွဲသွားမည်စိုး
မိုးချုပ်တော့မည်....

ခရေလမ်းကို၊ လှမ်းငေးမျှော်မော
မြင်ရသောလူ၊ ဩော်....သူမဟုတ်
အလုပ်သွားပြန်စု တရံတဆစ်
ချစ်သူတွေလား၊ မိုးကြားလေထဲ
နှစ်ယောက်တွဲပျော်၊ မဖော်နဲ့လေ
ခရေတန်းအောက်၊ သူလာလျှင်တယောက်တည်း(ထဲ)
မလာရဲလို့လားကွယ်.....

လေတချက်ဝေ့ ၊ မိုးစက်ထိမှန်
ပြန်မှဖြစ်မည်၊ မိုးချုပ်ပြီကွယ်
တကာယ်ဆိုလျှင်၊ အမျှင်မပြတ်
မတ်တတ်စောင့်ဆဲ၊ မိုးပိုသည်းပြန်
တရံတခါ၊ လာမည်ဆက်ဆက်
မိုးစက်ကြားမှာ၊ ကြားယောင်လာ၏
သတိတော့ရမှာပါ......

မတွေ့ခြင်းဖြင့်၊ တွေ့ခြင်းများစွာ
မလာခြင်းဖြင့်၊ မျှော်လင့်ရင်မော
သောကဟုမဆိုသာ.......
ဗျာပါဟုမဆိုချင်......
သံယောဇဉ် တခုခုဖြင့်....
ဘယ်သူ့ ဘယ်သူ၊ ခွန်းကျူရှိုသာ
မမှာမကြား၊ ချိန်းမထားပေမင့်
စကားများစွာ ပြောချင်သည်......

**ရတနာ (၄)**
ပန်းကလေးတောင်မှ
နမ်းလို့မမွှေးရဘူးကွယ်.....

ခေါင်းအုံးမှာ ပါးကိုအပ်
မအိပ်တတ်ပါနဲ့ပါနဲ့ အချစ်ရယ်....
နေထိုးတဲ့အခါ နေပြောက်ကလေးတွေ
ရေချိုးတဲ့အခါ ရေပေါက်ကလေးတွေ
အသားကိုထိနေတာတောင်မှ
စိတ်ထဲမှာဘဝင်မကျချင်ဘူး
လရောင်ကိုလဲ မနာလို
လေပြည်ကိုလဲ မကျေနပ်နဲ့
ချစ်တတ်လွန်းလို့ သဝန်တိုတာ
အချစ်ကိုယ့်ကို နားလည်ပါကွယ်......
ဘယ်တော့ပဲဖြစ်ဖြစ်။
ဘယ်တော့မှ မမေ့ချင်ဘူး
ဘယ်တော့မှ မခွဲချင်ဘူး
စိတ်ကူးနဲ့တောင် မဝေးရဲ
အိပ်မက်ထဲတောင် အူတိုတတ်ပါရဲ့
အမှတ်တရကွယ် ခြေရာအသစ်တွေနဲ့
ကိုယ့်အချစ်ကလေ....
ဖြတ်မရတဲ့ ဝေဒနာချစ်။

**ရတနာ(၅)**
တသက်တာ၌
နှစ်ခါတောင်းပန်၊ မတောင်းခံပါ
တခါနှင့်မရလျှင်၊ ဘာမျှမယူခဲ့သူပါ....

တစုံတရာကို၊ နှစ်ခါမလုပ်
တခါလုပ်ရုံ၊ ပြီးပြည့်စုံမှ
အားရကျေနပ်၊ နေတတ်ခဲ့သူပါ။

တညတည်းမှာ၊ နှစ်ခါမအိပ်
သိပ်သတိရ၊ ညညတွေမျိုး
တရေးနိုးယင်၊ မိုးလင်းအထိ
ဆက်ထိုင်မိတတ်သူပါ။
တငုံတဖူး၊ တပွင့်ရူး၍
ပန်းဦးအိပ်မက်၊ တသက်တခါ
တမျက်နှာတည်း၊
နှစ်မျက်နှာလည်း မတမ်းတတတ်သူပါ....
ဒါပေမယ့်ကွယ်
ဘယ်တော့ဖြစ်ဖြစ်
အချစ်ကိုတွေ့နေဖို့
အချစ်ကိုယ့်ကို မမေ့စေဖို့
အောက်ကျို့တောင်းပန်၊ အဖန်ဖန် အထပ်ထပ်
တရံမလပ်ပါ၊ နှစ်ခါမက
တဖွဖွနှင့်၊ မာနမဲ့တတ်သူပါကွယ်။

**ရတနာ (၆)**

ခေါင်းအုံးပေါ်မှာ၊ မပျော်တဝက်
ပျော်တဝက်နိုး၊ မိုးစင်စင်လင်း
နှင်းထန်ဆဲမေ....
နွေအကြိုဆောင်း၊ နှင်းလောင်းမှုန်ရီ
ဘယ်ဆီကြည့်ကြည့်၊ ကြည့်တိုင်းကြည့်တိုင်း
မှိုင်းဝေသိပ်သည်း၊ အနီးကလေး
ဝေးကြီးဝေးထင်
မမြင်သာဘူး အချစ်ရယ်....
ဝေဒနာငှက်၊ တေးသီမြွက်နေ
အိပ်မက်ရှည်လဲ၊ ရွက်ကြွေလိုလွင့်
မျှော်လင့်မှုပန်း၊ နွမ်းရမှာလား
တမ်းတခြင်းများစွာ၊ သယ်ဆောင်လာမည့်
တရာသီပြောင်း၊ ယာယီဆောင်းနောက်
ထောက်ညာမငဲ့
သြော်....ရောက်လာမည့်အလွမ်းနွေ
ဆယ်နေမက ပူမယ်လေ

**ရတနာ(၉)**

တခုခုကြောင့်
သူ့ကိုမလှည့်စားခဲ့ပါဘုရား....
စတွေ့သည်မှ၊ ပစ္စက္ခထိ
ကြည့်ရာမြင်ရာ၊ အိပ်မက်မှာလဲ
သူပါပဲကွယ်၊ ဘယ်မှာရှိရှိ
သတိရတတ်၊ တမ်းတတတ်ပြန်
အဖန်ဖန် အထပ်ထပ်
တရံမလပ်အောင်
အမှတ်တရလဲ၊ ရှိနေဆဲပါဘုရား....
သူနှင့်ပတ်သက်လျှင်
သံယောဇဉ်တရား၊ ပါးလျားမပြယ်
ဘယ်တော့ဖြစ်ဖြစ်....
ချစ်ရလွမ်းရ၊ တသသနှင့်
နောင်တဟူသည် မရှိခဲ့ပါဘုရား...
မေတ္တာ၏အင်အား
သစ္စာ၏အင်အား
ဤစကားများကြောင့်
ဘုရားတပည့်တော်အား
နားအလည်ဆုံးလူ၊ သူ....သူ....သူသည်
အပူသောက၊ မြူမှုမတွေ့
အားလုံးကို မေ့နိုင်၍၊
ချမ်းမြေ့ကြည်နူးပါစေဘုရား။

**ရ တ နာ (၁၀)**

တိမ်နှင့်လိုက်၍၊ တိမ်တိုက်ကြားမှာ
ပျော်ဖူးပါရဲ့၊ သူနဲ့အတူ.....
လရောင်ဒန်းစီး၊ တေးချင်းညည်းဆို
ခရီးတထောက်၊ လျှောက်ဖူးပါရဲ့
သူနဲ့အတူ....
တွယ်မက်ဆွတ်ပျံ့၊ ပန်းရနံ့ထဲ
တွဲဖက်ကြည်နူး၊ နေပျော်ဖူးရဲ့
သူနဲ့အတူ....
နိုးနေသည်ဟု
မှောင်ရီညဥ့်နက်၊ အိပ်မက်မက်ဆဲ
အိပ်မက်ပဲကွယ်....၊ တကယ်ဆိုက
အိပ်မောကျသူ
ဘဝမနက်၊ နေအထွက်မှာ
ခွဲရက်ချန်ရက်၊ ထားခဲ့ရက်မည်...
သိလျက်မေ့မှာစိုးပါသည်။

**ရတနာ (၁၁)**

တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
ကဗျာငှက်ကလေးရှိပါတယ်။
တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
မေတ္တာရေအိုးကလေးရှိပါတယ်။
တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
သစ္စာပန်းအိုးကလေးရှိပါတယ်။

တွေ့ဆုံခြင်း အိမ်ကလေးထဲမှာ
အကြင်နာဆည်းလည်းကလေး ရှိပါတယ်။
သည်အိမ်ကလေးကို
ဆေးအစိမ်းသုတ်၊ ရုတ်တရက်လေ
မေ....စွန့်ခွာထွက်
ကဗျာငှက်သေ
ရေအိုးကလေးခန်း
ပန်းအိုးကလေးကွဲ
ဆည်းလည်းကလေးပျောက်
အလွမ်းဆိုတဲ့ မှန်ကလေး ရောက်လာတယ်။

**ရတနာ(၁၂)**
ခွဲရက်ခွာစွန့်၊ ဝေးသွားဝံ့မှ
အပူစတွေ၊ သူမျှဝေလို့
ခြွေနှင်းတစက်၊ ကြွေဆင်းသက်အောင်
မျက်တောင်ဖျားဆွတ်၊ သီဝေ့ညွတ်ခို
စိုယင်းစီးနေ၊
ဩော်....ငိုချင်းလဲ မရှည်တော့ပါဘူးကွယ်။

သူခင်းတဲ့လမ်း၊ သူနင်းမယ့်ငြမ်း
ချမ်းမြေ့ဝမ်းမြောက်၊ လှမ်းလျှောက်ပါစေ
သူငဲ့နေလျှင်၊ ဖြေပြေရာခက်
ဝေဒနာသက်ရင့်၊ လက်ဆင့်ကမ်းသလို
ငို....ငို....ငိုမှာစိုး
ဩော်....ကိုယ်.... ကိုယ်သာအဆိုးဖြစ်စေတော့....

ရက်နာစရာလဲ၊ မင်္ဂလာပါပဲကွယ်လို့
ရယ်ယင်းနှုတ်ဆက်၊ မေ့နိုင်ရက်စေ
မေ့ပါစေကွယ်၊ လွယ်လွယ်ခံစား
ချန်ထားပါစေ၊ ကံတရားလို့သာ ဖြေလျက်နဲ့....
အခြွေရက်တဲ့ပန်း၊ အကြွေခက်တဲ့ပန်း
အမြဲလန်းနေ၊ အလွမ်းတခု
ရင်ထဲနမျစ်၊ ဖြတ်ပြီးမပျက်
သစ်ပြီးသထက်သစ်၊ နှစ်ရှည်လကြာ
ကာလတာရှည်မျော
ပြောမပြသာပြီ
အချစ်ရယ်....ရင်ထဲမှာတော့သောကရာသီ။

**ရတနာ(၁၃)**
တစိမ်းပဲရယ်လို့
အစိမ်းခွဲတာလားအချစ်ရယ်....
မတွေ့တသက်ဝေးတောင်မှ
တနေ့တရက်ကလေးပင် ဘယ်လိုမေ့ရမလဲ
နေ့ညမခွဲ ထာဝစဉ်ကွယ်....
တရံရောတွင် အမှတ်တရကလေးတွေက
သံယောဇဉ် ဖြတ်မရသေးအောင်ပေါ့
အတွေးမှာ အစဉ်မြဲပါလို့
ရင်ထဲထိအမြစ်တွယ်
အချစ်ရယ်....မေ့နိုင်ပါ့မလား။

တမျက်နှာကို ကဗျာအဖြစ်ကြည့်ပါလို့
တသက်တာဆို တခါချစ်မိသော်လည်း
အပြစ်ရှိသလို သူ့ကိုညဉ်လေသလား
ရင်တွင်းမှာ အပူကို မမျှချင်တော့
သူ့ဘဝလေး သူပျော်စေချင်မိ
ခေါ်နေလျှင် သူအလာခက်ချည်ရဲ့
ရာသက်ပန် လက်ဆောင်အလွမ်းတွေနဲ့
ပြန်လမ်းဆီ ဟိုအဝေးကိုမှန်းကာ
လှမ်း၍ လှမ်း၍ ကမ္ဘာတွေခြား
(အချစ်ရယ်....) ချမ်းမြေ့.... ချမ်းမြေ့ပါစေသား....။

**ရတနာ(၁၄)**

ထာဝရအတွက်
နှုတ်ဆက်ဝမ်းနည်း၊ ကြေကွဲရပြီ
သည်တခါတော့၊ ဝေးကြတော့မည်...
မိုးသည်းညနေ
ခရေလမ်းမှာ၊ ဘာကြောင့်မတွေ့
မတွေ့တာလဲ၊ ဝမ်းနည်းရင်ခုန်
ပြန်ပြီးဆုံတော့၊ မလုံလဲစိတ်
အလွမ်းရိပ်ဖြင့်၊ အိပ်မပျော်ခဲ့ဘူး...
ဆံမျှင်ခေါင်းဖြီး၊ ပေးတဲ့ဘီးဖြင့်
ဖြီးသင်မှန်ကြည့်၊ မြင်သည့်အရာ
မှန်ထဲမှာလဲ၊ သူပါပဲကွယ်
ဘယ်မှာဖြစ်ဖြစ်၊ အချစ်ရှိတယ်။
ဖောင်တိန်မီးခြစ်၊ ပစ္စည်းလေးတွေ
ဝေပေးတဲ့မုန့်၊ မျက်နှာငုံ့ကြည့်
ထိခိုက်ကျွမ်းမြေ့၊ ဘယ်နေ့အထိ
ရှိနေမှာလဲ၊ စားပွဲထိုင်ပြန်
မှန်အောင်က ပို့စတတ်
လွမ်းနေတတ်အောင်၊ အမှတ်တရတွေ
ပြည့်နေပါလား၊ စကားပြောတဲ့ဖုန်း
ဟိုတုန်းက သူ့အသံ၊ ပြန်ကြားယောင်လျက်
တရက်တနေ့၊ တသက်မမေ့ပါလားကွယ်။
နှင်းဝေမနက်၊ ပြေးဘက်အဖော်
တရက်ခေါ်စဉ်၊ စိတ်ကူးယဉ်ဖြစ်
ချစ်ခရီးဖော်၊ ဖြစ်လျှင်တော်စွ
အပျော်အိပ်မက်၊ မနက်ကနှင်း
နေ့ခင်းလွင့်ပြယ်၊ တကယ်မဟုတ်
ဩော်... ဘယ်ဒုက္ခနဲ့မတူတဲ့ အချစ်။
သူနဲ့ဖြစ်မှု ကြုံဖူးပြီ...
မခေါ်တော့ဘူးကွယ်
သူ့အတွယ်အတာ၊ သူ့ကဗ္ဗာမှာ

သူသာပျော်ရစ်၊ သစ္စာရှိစေ
နေပါစေလား။
သွားမယ်နှုတ်ဆက်
သက်လုံးမမေ့၊ တမြည့်မြည့်လေ
ကြေကွဲရပြီ.. သည်တခါတော့၊
ဝေးကြတော့မည်......။

**ရတနာ(၁၅)**

ပြာရီဆိုင်းဆို့၊ မှိုင်းညို့ညိုမှောင်
ဟိုး.. တောင်ကခြိမ်း
လျှပ်နွယ်ယိမ်းက၊ စိမ်းမြတဲ့ရက်
စက်တင်ဘာရဲ့ မနက်တွေမှာ
သံယောဇဉ်ရာသီဟာစခဲ့
ဘဝရဲ့အတိုင်းအတာနဲ့
နှိုင်းစာနင့်သည်း၊ အချစ်ကြီး ချစ်ခဲ့မိပါတယ်။
နွေးထွေးသောမိုးစက်
မျက်နှာကို ပက်စဉ်ပြီးခွဲခွာ
ရာသီပိတောက်နှစ်ကြိမ်ပွင့်
ဥဩနင့်အတူ
အပူသည်ရဲ့သောက
ဘယ်သူလည်လို့ ပြောပြဖို့မလဲ
ရင်ထဲကအလွမ်း
ရင်ထဲမှာပဲ ကျွမ်းပါစေတော့
လာလေ... လာလေလို့ မခေါ်ရက်
အခေါ်ခက် အလာခက်တဲ့ ခရီးမှာ
အနီးဆုံးလူလဲ
အချစ်ရယ်.. အဝေးဆုံးကို ခွဲရတတ်တာ
သဘာဝ တခုပါလားကွယ်
တွယ်မက်နှောင်ပတ်၊ ချစ်တတ်ခြင်းတည့်
ဖြည့်ဆည်းရုံသက်သက်
ညဥ့်နက်နက် ခရီးဖြစ်လျှင်
ပင်လယ်ပြင်မှ၊ မီးပြတိုက်လို
လိုက်ခွင့်ကိုမရ၊ ဖြာကျသွန်စီး
အကြင်နာမီးမောင်း၊ လမ်းကြောင်းပြညွှန်
နေခဲ့ကျန်ဝန့်၊ တဖန်သစ်သစ်
လွမ်းခဲ့ရစ်ရုံ
အချစ်နောက်ချန် မေ့ထားလိုက်။

**အချစ်ဦး**

တသက်တခါ၊ တလှာတရွက်
တခက်တပွင့်၊ ငုံအဆင့်မို့
ရင့်လို့ပဲဝါဝါ
ညာတံပဲ ပြုတ်ပြုတ်
ဖြုတ်ကနဲပဲ ကြွေကြွေ
မြေမှာပဲ ရောက်ရောက်
ဖွဖွလေးကောက်လို့
ပန်းခြောက်ကလေးပဲ့ မြတ်နိုးမယ်။

**အရိန္ဒမာသီပါသည်**

မြင်ကတည်းက
ရင်ထဲက စွဲခဲ့တယ် မဏိစန္ဒာ။
ဘုရင့်ဘဏ္ဍာ မတော်မတရားနဲ့
အရှင့်အာဏာ စော်ကားခဲ့သူမို့
ဩော်.... ဓားထိကာ အသေသတ်ယင်လဲ
ကျေနပ်မှာပါ။
မလျော်တာ၊ အခက်ကြုံဆမိလို့
အနော်ရထာ မျက်မာန်ရှမှာလဲ
ခံရမယ် သေအချာသိပေမယ့်
ဝေဒါနာရှိသူ ရင်မှာမအေးလေတော့
သေဘေးကိုတဲ့ မမြင်သာ
အကြင်နာက နှစ်ဆင့်ပိုကဲ။
မသင့်လျော်တာ၊ ချစ်လာခဲ့သူမို့
အရှင့်အပေါ်မှာ သစ္စာမဲ့သူလို့
ကဲ့ရဲ့ကာ ဆိုချင်ဆို
ငြိုငြင်လိုက ငြိုငြင်လိုက်
ကိုယ့်ထိုက်နဲ့ ကိုယ့်ကြမ္မာပေါ့

ဘုရင့်အာဏာ မဖီဆန်ရဲတာကြောင့်
လက်လွှဲကာ ရှေ့တော်ဆက်ရပေမယ့်
မွှေ့ပျော်ရက်တယ် သခင်ထင်သလား။
ရင်ခွင်မှာ ဆယ်နေကဲသလို
အမြဲပူလောင်လှချည်ရဲ့
ကြိုးနောင်ကာ အရှင်တည်းပါလို့
ရင်ထဲကို လှံမထိခင်က
ချစ်မိသူအသည်း ကြွေပြုန်းကာ
(မဏိစန္ဒာရယ်)
ကိုကတော့အမြဲ သေဆုံးခဲ့ပြီပဲ။

**ပါးချိုင့်ကလေး**

ပြုံးလျှင်ပါးခွက်၊ မျက်ဝန်းနက်နှင့်
ရှက်တတ်လေသော ချစ်သူခင်။

မောင်နှင့်တွေ့စဉ်၊ ဝေ့လည်မျက်ဝန်း
မြရည်ရွှန်းကာ၊ ခွန်းနှုတ်တရာ
စကားထာလဲ၊ ဝတ်လွှာလေးလို နူးညံ့သည်။

နည်းက်မွတ်စင်၊ သူ့ပါးပြင်ကို
ညင်ညင်ဖွဖွ၊ ရွရွကလေး
မွှေးမွှေးပေးတော့၊ ရှက်သွေးစို့စို့
ပါးမို့မို့မှာ၊ ပြုံးလို့ပါးချိုင့်ပေါ် လာမြဲ။
မောင့်ချစ်သူငဲ့
ဟိုလူကမွှေး၊ သည်လူမွှေးနှင့်
နထွေးနီမြန်း၊ ပါးနှစ်ခြမ်းမှာ
အနမ်းခြေရာ၊ ထင်ခဲ့တာလား
ပြန်စဉ်းစားမှ၊ ပါးပြင်နည်းက်
ချိုင့်၍ခွက်အောင်
မျက်နှာများခဲ့လေသလား။ ။

**ပြယုဂ်**

ချစ်သူ
မခံ့မငင်၊ မယုံချင်သော်
ပုံပြင်တခု ဆိုပါတော့။

ချောင်းတဘက်ကမ်း၊ ခပ်လှမ်းလှမ်းတွင်
စိမ့်စမ်းရေကြည်၊ ခွေရစ်လည်လျက်
မြညာယှက်၍၊ ချိုမြွက်သီးနှံ
ပေါပြည့်လျှံသည့်၊ တောယံတောအုပ်ရှိသတဲ့။

သည်တဘက်ကမ်း၊ ချောင်းရိုးတန်းမှ
ဖြတ်သန်းကျော်လွှား၊ လူတိုင်းသွားရန်
တံတားနှစ်ခု ရှိတယ်ထား။

တံတားတခု၊ ထုထည်ခိုင်ခံ့
ကြံ့ကြံ့မားမတ်၊ သစ်ဝါးညှပ်၍
သပ်ရပ်တည်ရှိနေပါ၏။

ကျန်တံတားက၊ ဝါးတိုင်ယိမ်းနွဲ့
ယိုင်ယဲ့ယဲ့နှင့်၊ လေသွဲ့တိုင်းခါ
လေလာတိုင်းလှုပ်၊ ပြုတ်ကျမလား
ပြိုမလားနဲ့၊ ချောက်ချားရင်တုန်စရာပေ့ါ။
လူအများက၊ မြသားစိမ်းစို
တောအုပ်ကိုသွား၊ သစ်တံတားမှ
ကျော်လွှားနေကျ၊ စိတ်လက်ချ၏
ဘာမျှခက်ခဲပုံမပေါ်။
တံတားအိုမှ၊ ဖြတ်ကျော်ရလျှင်
ချော်ကျနိုင်သေး၊ စိတ်မအေးပါ
သွားလိုရာကို
ဘယ်မှာလွယ်လွယ် ရောက်မှာလဲ။

ကဲချစ်သူ
လူတိုင်းမသွား စိတ်ချောက်ချားသည့်
တံတားအိုမှ၊ ဖြတ်ကျော်ကြရန်
ဆန္ဒလည်းရှိ၊ သတ္တိလည်းဖက်
ယုံကြည်ချက်မြဲ၊ စိတ်ရဲရဲနှင့်
မင်းလဲသွားဝံ့ပါ့မလား။
မခံမမင်၊ မယုံချင်မင့်
ပုံပြင်ပဲထား၊ မင်းစဉ်းစားပါ
တံတားအိုက၊ ကိုယ့်ဘဝ၏
ပြယုဂ်တခု ဆိုပါတော့။ ။

**အခြေအနေ**
မောင့်စကားဦး၊ ပျားမလူးလဲ
ချစ်ဦးနားထောင်စေချင်သည်။

မြစ်ကမ်းနားတွင်၊ သစ်တပင်သည်
လွင်လွင်ထီးတည်းရှိသတဲ့။

နွေဦးနေက၊ ပူလောင်ပြလဲ
မြဖူးမြတက်၊ မြအခက်နှင့်
မြရွက်ဝေကာနေစမြဲ။

မိုးရိုင်းလေရိုင်း၊ လေမုန်တိုင်းတွင်
အကိုင်းမကျိုး၊ မငိုက်ညှိုးပဲ
မိုးဒဏ်လေဒဏ်၊ ကြံ့ကြံ့ခံယင်း
အားမာန်နသစ် ရှင်သန်ဆဲ။
သည်အပင်လျှင်
အားအင်ပြည့်ဖြိုး၊ ရွက်မညှိုးပဲ
မိုးမိုးနွေနွေ၊ အခက်ဝေ၏။

နွေနွေဆောင်းဆောင်း၊ အားသစ်လောင်း၏။
ခေါင်းမော့နသစ်၊ ဖူးပရစ်နှင့်
ဖြစ်သမျှဒဏ်၊ အံကြိတ်ခံလို့
မာန်နှင့်အားနှင့် ရှိသော်လည်း

မြစ်ရေစီးသည်
လှိုင်းကြီးလေထန်၊ ဒေါသမာန်နှင့်
သောင်ယံကမ်းပါး၊ ဖဲ့မျိုဝါး၍
မြေသားကိုဖဲ့၊ မြစ်ကိုချဲ့သော်
ယိုင်နဲ့အားအင်၊ မြစ်ရေပြင်မှာ
သစ်ပင်ပြိုလဲရလေပြီ။

မောင့်စကားဦး
ပျားမလူးလို့ ညွတ်နူးကြည်ချို
စိတ်မလိုလဲ
"ကိုယ်ကကောင်းလျက်၊ ဖါင်းရွှေ့သည့်အဖြစ်"
သည်သနစ်ကို
အချစ်နားလည်စေချင်သည်။ ။

**အပြန်လမ်း**
ခေါ်မထားပေမယ့်
သွားသူက ကျွန်တော်ပါ။
ချစ်သူ့အဆောင် နံ့သာတောကို
မျှော်မောကာ ရွှေရင်ထိတ်ပါလို့
တိတ်တိတ်ကလေး လာ။
တကယ်တွေ့ယင်တော့
ဘယ်နေ့မှာ ဘယ်လိုလွမ်း
ဘယ်လမ်းမှာ ဘယ်လိုစောင့်
ဘယ်ထောင့်မှာ ဘယ်လိုမျှော်လို့
ဘယ်လိုနော် ရင်ခုန်ခန်းကို
ပြောစမ်းမယ် စိတ်ကူးနဲ့
ကြည်နူးသလို ရင်မှာဖြစ်ပါရဲ့
မောင့်အချစ် မိသည်းညှာ
လာစဉ်ကမောင့်အတွေး
တွေ့မလားရယ်နဲ့
နေ့ခြား မောင်လာရဲ့
အဆောင်မှာ သူ့ကိုမတွေ့လေဘု
သည်နေ့ဆို ရှိတန်ကောင်းပါရဲ့
ခေါင်းမော့ကာ ကြည့်ဆဲမှာပေါ့
မိသည်းညှာ မောင့်အချစ်က
ညော့်သစ်တွေ အလျှိုလျှိုနဲ့
ခွန်းနှုတ်ချို ပျော်ဟန်ဖွဲ့လေတော့
လာခဲ့သူ မောင့်အမှားပါပဲ
တံခါးအဆောင်ဝဆီက
နောင်တ အတန်တန်နဲ့
အိမ်အပြန် ကံ့ကော်လမ်းမှာ
ကံ့ကော်ပန်း မောင်မမင်တော့
ခြံအဝင် စံပယ်နံ့က
သင်းပျံ့လို့မွှေး။

**နေဆယ်စင်း လမင်းဆယ်ဆူ**

တခါတလေ

နေဆယ်ဆင်းလို၊ ပူပြင်းတယ်ခင်...။

တခါတခါ

ရင်မှာရွှင်ပျ၊ လဆယ်ဆူနှယ်

ကြည်နူးတယ်ခင်...။

မောင့်ရင်တွင်းမှာ

နေမင်းလမင်း၊ ဆယ်စင်းပြိုင်တူ

ပူကြသာကြ၊ ခံစားရအောင်

လွမ်းရဆွေးရ၊ ကြည်နူးရအောင်

နှောင်တွယ်ကျွမ်းရစ်၊ သောကဖြစ်သည့်

အချစ်ဆိုတာ ဒါလားခင်...။

**အရိပ်မည်း (မဲ)**
နေရောင်အောက်မှာလဲ
အရိပ်မည်းရှိတတ်တယ်။

လရောင်အောက်မှာလဲ
အရိပ်မည်း ရှိတတ်တယ်။

အလင်းရောင် ကွယ်ဆိတ်တော့
အရိပ်လဲ ပျောက်ပြန်တယ်။
မောင့်ရင်ထဲမှာလဲ
အရိပ်မည်း ထင်နေတယ်။

နေလရောင် ကွယ်ဆိတ်ပေမယ့်
သည်အရိပ် မပျက်ပြယ်။
မေတ္တာဆိုတဲ့ အလင်းနဲ့
" သတိရခြင်း" ဆိုတဲ့ အရိပ်ပါအချစ်ရယ်။ ။

**သက်တံ့ရောင်**

တိမ်ကိုတွေ့ခိုက်၊ တိမ်နှင့်လိုက်ကာ
တိမ်တိုက်တွေနှင့် ပျော်သူခင်။
ရေကိုတွေ့ခိုက်၊ ရေနှင့်လိုက်ကာ
ဒိုက်သရောနှင့် ပျော်သူခင်။
ပန်းကိုတွေ့ခိုက်၊ ပန်းတောလိုက်တာ
နှစ်ခြိုက်ပျော်ရွှင်တတ်သူခင်။
ရေမြေမလိုက်၊ ကြိုက်ရာဒေသ
ကျရာမြေပေါ်၊ ပျော်ရန်မခက်
အမြစ်ထွက်တဲ့၊ ရွက်ကျပင်ပေါက်လိုပါပဲ....။

မီးစတဘက်၊ ရေတဘက်ဖြင့်
မျက်နှာများသူ၊ လူအသစ်တွေ့
အဟောင်းမေ့ချင်၊ အပင်တသောင်း
ကူးပြောင်းနေလျက်....
ငှက်ကလေးတကောင် ဆိုပါတော့။

**တံလှပ်**
မိုးဖျားတိမ်တိုက်၊ ရေဍ်ထင်ဟပ်
နီးစပ်မည့်သွင်၊ အထင်သက်သက်
မျက်လှည့်ပါခင်၊ အစဉ်မမြဲနိုင်ပါဘူး။

ရေထဲကငါး၊ ကြည့်ပါလားခင်
လွင်တီးခေါင်ပေါ်၊ မြူးပျော်ကူးခတ်
နေတတ်ပဲ့မလား။

စံပယ်ဂမုန်း၊ ကြည့်ပါအုံးခင်
ကုန်းခေါင်မာကျစ်၊ ကျောက်စရစ်မြေ
ကျောက်ဆစ်ကျောက်ချပ်၊ မိုးခေါင်ရပ်တွင်
ရှင်နိုင်ပဲ့မလား...။

အပျော်သက်သက်၊ သစ်ရွက်ကိုခြွေ
လေလိုပါပဲ၊ ဖြတ်ကနဲဝင်
အစဉ်မေ့ပျောက်၊ ခြေရာဖျောက်မှာ
သိနေပါရဲ့၊ အလွှာမတူ
မောင့်လိုလူမျိုး၊ ရွက်ကြွေညှိုးလို
လွမ်းမိုးစွေရမှာပါပဲ...။
ဪ... မိုးဖျားကတိမ်
မငြိမ်လှုပ်ရှား၊ ပြိုမလားပင်
အထင်နှင့်မုန်း၊ တမ်းတရုံပါပဲ...။

**တိတ်တခိုး**

ပန်းပွင့်တယ်ဆိုတာက
သဘာဝပါခင်။
အလှကြည့်ခံချင်လို့
ပန်ဆင်ပါစေ ရည်စူးပြီး
ဖူးပွင့်မဆင်...။
ခင်ကြိုက်ယင် အညှာကိုချိုးပြီး
ခင်မြတ်နိုးတော့ ပန်ချင်ပန်ပေ့ါ
မပန်ချင် ခင်မကြိုက်တော့လဲ
ပစ်လိုက်ပေ့ါ.. နော်.. ခင်
ဆင်ချင်မှ ဆင်ပါတော့။
ခင်ရယ်....
မဆင်လို့ပဲ ပစ်ပစ်
မမြင်လို့ပဲ ဖြစ်ဖြစ်ပေ့ါ
သစ်ရွက်ကြို သစ်ရွက်ကြားက
ခင်သွားယင် ရနံ့ပေး
ခင်မွေးယင် ပျော်ရွှင်လို့
ခင်မမြင် ခင်မကြည့်ပေမယ့်
ခင်သိယင် ကျေနပ်ပါရဲ့
ရွက်ချပ်စို ကြိုအကြားမှာပဲ
ပွင့်သွားတာပေ့ါ။ ။

**အင်ကြင်းစာခိုင်**
မုန်းပင်စိုက်ယင်လဲ
မုန်းလိုက်ပါတော့ ချစ်သူခင်။
ဆဒ္ဒန်ဆင်မင်းတောင်မှ
အင်ကြင်းခိုင် ခါချဉ်ပါတော့
သုဘဒ္ဒါ မုန်းမာန်အရှကို
ခံရသည်ပင်။

ရင်တွင်းမှာ နာကျင်မျက်စေလို့
အင်ကြင်းလွှာ ခါချဉ်ဖက်ပြီး
သက်သက် မရည်ရွယ်ပေမယ့်
ကျီစယ်တာ အခံခက်လေတော့
အမျက်သိုမုန်းမာန်ပွားလေတဲ့
သုဘဒ္ဒါမိဖုရားလိုပဲ
အားရအောင်သာ ရန်စွယ်ငြိုးပါတော့
ဆိုးမိသူ မောင့်အပြစ်ပါပဲ
စိတ်ညစ်ကာ ပူပန်ကဲပေမယ့်
အယူခံမဝင်ရဲသူမို့
ရင်ထဲမှာတော့ တမြည့်မြည့်ကျင်
တငွေ့ငွေ့ပင် ပူလောင်ပေါ့။
သုဘဒ္ဒါအစွယ်ဖြတ်သလို
ကျေနပ်အောင် ကြိုက်သလိုပြုပါတော့
ခုဘဝမှာ မကျေသေးယင်လဲ
ကျေအေးအောင်ခံရန် အသင့်ပါပဲ
မာန်ဝင့်ကာ ကျိန်စာတိုက်တောင်မှ
ကိုယ့်ထိုက်နဲ့ ကိုယ့်ကြမ္မာပေါ့
သုဘဒ္ဒါ အချစ်ကြီးကာ
ချစ်မီးလျှံ ရင်ဝယ်မြိုက်ပြီး
ဆင်စွယ်ပိုက်ကာ ရင်ကွဲသလို
ခင်လဲလေ သည်အဖြစ်ဆိုးနဲ့

မတိုးယင် စိတ်ကျေနပ်ပါရဲ့
သုဘဒ္ဒါ မုန်းမာပျိုးသလို
ရန်ငြိုးသို အသည်းနှလုံးမှာ ခိုက်အောင်
(အချစ်ရယ်) အမြဲမုန်းလိုက်ပါတော့။ ။

**သွားတက်ကလေး**
ခေါင်းကိုငုံ့လျက်၊ အနေခက်လျှင်
အရှက်ပြေလေး ပြုံးသူခင်။

ပြုံးတော့တသွယ်၊ ရယ်တော့ခစ်ခစ်
စံပယ်နှစ်လို၊ တင်ပြစ်မစက်
မောင့်ညိုညက်လျှက်
သွားတက်ကလေး ပေါ်လာမြဲ။
မောင့်ကိုခွဲလျက်၊ စွန့်ပစ်ထွက်မှ
သွားတက်ကလေး၊ မောင့်အတွေးဝယ်
ဘီလူးစွယ်လား၊ ထင်ယောင်မှားမိ
ရင်ကြားပွင့်ဦး၊ မေတ္တာဖူးကို
ခူးဆွတ်ဖျက်ခြွေ၊ စားသုံးနေကျ
ဘီလူးမလျှင်၊ ဘဝပြောင်းကူး
မောင့်ချစ်ဦးကို
ပူးဝင်တယ်ငြိနေသလား။ ။

**အထီးကျန်**

ကံ့ကော်တန်းမှာလဲ
ကံ့ကော်ပန်း ဝေပြီခင်။
ပန်သူပန်းခူးသူခူးနဲ့
ပွင့်ဦးကို ဆင်သူဆင်။
ကံ့ကော်ပန်း၊ ကျွန်တော်မင်
ကံ့ကော်ပင် ကျွန်တော်ကြည့်။
ကိုယ်တိုင်ခူးမယ်လို့
ပွင့်ဖူးကို တကယ်ရှာတော့
မြရွက်လအာ ကံ့ကော်တန်းမှာ
ပန်းကမရှိ… ။

ကံ့ကော်ပင် ကံ့ကော်ရိပ်
ချွေးသိပ်လို့ ဝင်သူဝင်။

ချစ်သူတွေ ချိုးအနမ်းနဲ့
မြေ့ချမ်းကြည်ရွှင်။

ကံ့ကော်ရိပ်ခိုမယ်ပြင်
ကံ့ကော်ပင် ကျွန်တော်ကြည့်။

နွေအရိုင်းလိုပဲ
ကြည့်တိုင်းသာ ရိုးတံခြောက်တွေနဲ့
ပင်အောက်မှာ လူခြေတိတ်
နေရိပ်မရှိ။ ။
ကံ့ကော်တန်း ကံ့ကော်မြေ။
အလှတွေ ဘယ်မှာပျောက်
ဘယ်ရောက်လို့နေ့။
ပန်းတောမှာ ပန်းမဝေ

နားနေရာ  ဘယ်မှာလဲ။
သည်ဝန်းကျင် ခိုဝင်ခိုက်မှာ
ကြည့်လိုက်တိုင်း အကျည်းတန်
အထီးကျန် အနေကျဉ်းပါရဲ့
မင်းစိမ်းလို့ပဲ….။

**ချစ်သူအိမ်ရှေ့ ဝင်းတံခါး**
နေရောင်စား၍၊ အသားနွမ်းသွေ့
ဆွေးမြည့်မြည့်နှင့်
အိမ်ရှေ့တံခါး ဖြူရော်ရော်။
ချစ်သူညီညက်၊ အပြင်ထွက်ရန်
အိမ်ထက်မှဆင်း၊ ဝင်းဝမှာရပ်
မနေတတ်ပြီ၊ ဆတ်ဆတ်ရင်နာ
မသွားပါလို၊ မဆိုဝံ့ရဲ့
မတားရဲ၍၊ ဝမ်းနည်းစွာဖြင့်
တံခါးပွင့်ကာ၊ သွားခွင့်ပေးလိုက်ရလေဟန်။
ပြန်ချိန်သင့်လျက်၊ ညဥ့်နက်သည့်တိုင်
မပြန်နိုင်လဲ၊ လာနိုင်ခဲသည့်
ချစ်သည်းသက်နှံ့၊ အိမ်အပြန်ကို မှန်မှန်ကြိုလင့်၊ အလိုက်သင့်ပင်
ဖွင့်ဟကြည်ဖြူရစမြဲ။
တခါတခါ၊ သည်းညှာမြချစ်
ညော့သည်သစ်နှင့်၊ ခွန်းလုစ်နူတ်ကျူ
ဝင်လာမှုလဲ၊ ကြည်ဖြူခွင့်လွတ်
ညော့ဝတ်မပျက်၊ တံခါးရွက်တို့
ပွင့်လျက်ကြိုဆို၊ မငြင်ပြုပါ
ပင်ကိုသဘော ပြည့်ဝသည်။`  ။

အချစ်ဦး၏၊ နွဲ့မှူးစံအိမ်
လှရိပ်ငြိမ်မှာ၊ ဂုဏ်သိန်မမြင့်
မဝင့်မထယ် (ထည်)၊ မျက်နှာငယ်လဲ
ချစ်သည်းရိပ်မြုံ၊ ခြံလုံခြုံရန်
အိမ်ဖန်စောင့်ရ၊ တာဝန်ကျ၍
ဝင်းဝတံခါး၊ ကျေနပ်သည်။ ။
ချစ်သူခင်...
နှောင်မျှင်တွယ်ရစ်၊ မောင့်အဖြစ်လဲ
အချစ်ခြံဝ၊ အစောင့်ကျသည့်
ဝင်းဝတံခါးလိုပါကွယ်။ ။

**ဖမ်းစားခြင်း**

မုန်တိုင်းလမ်းမှ၊ ဖြတ်ခဲ့ရပြီး
ဘဝရင့်ကျက်၊ တက်မဲ့လှေငယ်
ရေလယ်ထီးတည်း၊ ခရီးနှင်ခိုက်
လေပြင်းတိုက်လျှင်
စိတ်၌တုန်လှုပ်မည်မထင်။
အမှောင်လမ်းမှာ၊ စမ်းတဝါးဝါး
အားမငယ်ချင်၊ ရင်မတုန်လှုပ်
စုတ်စုတ်မှောင်ကျ၊ ဖြတ်ခဲ့ရပြီး
လကွယ်ညဆို၊ မငိုပါဘူး
မထူးပြီပဲ၊ ရင်ဆိုင်ရဲပြီ
စိတ်ထဲတုန်လှုပ်မည် မထင်။
နေပူလေပူ၊ ကျွက်ကျွက်ဆူထဲ
သဲကန္တာတွင်း၊ ဆင်းဖူးပြီလေ
နေလိုပူပြင်း၊ ခြောက်သွေ့ခြင်းကို
ရင်တွင်းတုန်လှုပ်မည် မထင်။
ရင့်ကျက်ပြီကွယ်၊ မရယ်မငို
အို… မတုန်လှုပ်၊ထိန်းချုပ်ဖမ်းကိုင်
စိတ်နိုင်ပြီပဲ၊ ထင်မိဆဲဝယ်
ငယ်ကျွမ်းနှောင်ချစ်၊ မြနုသစ်ကို
လှစ်ကနဲမြင်၊ ရင်တနွေးနွေး
အေးစေပူစေ၊ တုန်လှုပ်စေတယ်
ဆယ်နေဆယ်လ လိုပါခင်။ ။

**တန်ဖိုး**

ရွှေအစစ်....
မောင့်မေတ္တာ၊ ပမာမနိုင်းချင်ဘူးခင်။
ရွှေလိုထိုက်တန်၊ အမျိုးမှန်လို့
စံတင်လောက်ရဲ့၊ ဒါပေမယ့်လေ
ရွှေဆိုတာမျိုး၊ မျက်နှာညိုးတဲ့
ပစ္စည်းမဲ့လက်၊ အရောင်ခက်တယ်
အထက်တန်းလွှာ၊ တနေရာရဲ့
ပကာသနအဆောင်ယောင်
စိန်အစစ်...
မောင့်မေတ္တာ၊ ပမာမနိုင်းချင်ဘူးခင်။
စိန်လိုထိုက်တန်၊ အမျိုးမှန်လို့
စံတင်လောက်ရဲ့၊ ဒါပေမယ့်ခင်
စိန်ဆင်တဲ့အလွှာ၊ တနေရာရဲ့
ပကာသနအသုံးဆောင်။
စိတ်ရွှေဆိုတာ၊ အလွှာတခု
ဂုဏ်တုပြိုင်ရန်၊ တန်ဖိုးသတ်မှတ်
အဆုံးဖြတ်ခံ၊ အမြင့်စံတွေ
မူမှန်ပစ္စည်း ဟုတ်ရဲ့လား။
မောင့်မေတ္တာ...
အလွှာမရှိ၊ ပကတိလေ
ရွှေစိန်ပမာ၊ မနိုင်းစာနှင့်
မေတ္တာတန်ဖိုး ကျတယ်ထင်။ ။

**အပြောင်းအလဲ**

နှစ်ဦးတူယှဉ်၊ သည်အပင်အောက်
ပန်းကြွေကောက်စဉ်၊ ရင်တထိတ်ထိတ်
သည်အချိန်မှာ၊ ချစ်စိတ်ဝေခဲ့ဖူးပါတယ်။

သစ်မြစ်ဆုံခွ၊ ယှဉ်ထိုင်ကြယင်း
မြချောင်းရေကြော၊ ပန်းကြွေမျှောမိ
ကြည့်ယင်းကြည်နူး၊ ချောင်းနဖူးမှာ
စိတ်ကူးနသစ်ခဲ့ဖူးတယ်။

ခင်ကပစ်တော့....
သည်သစ်ပင်အောက်၊ ပန်းမကောက်ချင်
နှမ်းခြောက်သွေ့ဆိတ်၊ သည်အချိန်မှာ
လွမ်းစိတ်ရာထောင် ဝေဖူးတယ်။

ခင်မကြင်တော့....
ညင်ညင်ရေစီး၊ တမ်းတညည်းဟန်
ခင့်ရယ်သံလား၊ စိုးဝါးထင်မိ
ကြည့်လေရာရာ၊ ဝေဒနာနင့်
ရေပြာအလှကင်းဖူးတယ်။

ဩော်.... နှစ်တွေကြာလို့
တခါတခေါက်၊ သည်ကိုရောက်လျှင်
တို့ငယ်စဉ်က၊ နှောင်မျှင်တွယ်ရစ်
အချစ်အလွမ်း၊ ဖမ်းစားညို့ငင်
သည်သစ်ပင်ကား၊ ချောင်းရေစား၍
ကမ်းပါးပြိုနောက် ပါလေပြီ။

သည်ကပြန်လျှင်၊ ရင်မခုန်တတ်

မလွမ်းတတ်တော့၊ စိတ်ဓာတ်ရင့်ကျက်
ခံစားချက်တို့၊ ပျက်ပြယ်ခဲ့ရာ
အနည်ကျပြီ.....
ဘဝဆိုတာ.... ဒါပဲခင်။ ။

**အလွမ်းပွင့်**
မညာဘူးခင်၊ ရင်ဆိုတာက
ခံစားရတယ်၊ ပူရပင်ရ
လွမ်းဆွေးရတော့၊ သည်က အနေမခက်လား။

ချစ်လို့လွမ်းတာ၊ မဆန်းပါဘူး
ချစ်ဖူးငုံရင့်၊ လွမ်းပန်းပွင့်သတဲ့
နေမြင်ခဲ့တာ၊ ကြာလဲကြာတော့
ရင်မှာပူမြိုက်၊ သည်းခိုက်နာကျင်
သခင်ပျိုးသည့် အလွမ်းပင်။
နေမင်းဆယ်ဆူ၊ ပူချင်ပူလိုက်
သခင်စိုက်သည့်၊ ရင်ဌကြီးရင့်
အလွမ်းပွင့်ခက်၊ ကိုယ့်လက်နဲ့ခြွေ
မချေပါရဲ၊ အဖြစ်သည်းတော့
ကိုယ်ပဲ မပူရပါလား။

ပြောစမ်းပါခင်၊ မြင်လျက်မကြည့်
သိလျက်မလာ၊ ဘာအပြစ်လဲ
ကဲ…ကဲ ထားပါ၊ စကားနာထိုး
မောင့်အဆိုးပေ့ါ၊ အငြိုးဖြေလျော့
စိတ်ပြေတော့နော်၊ ပြုံးမော့နှုတ်ခမ်း
ခင့်အနမ်းနဲ့၊ အလွမ်းပွင့်တွေ ခြွေပါလှည့်။

**ဖြေသိမ့်ခြင်း**

တက္ကပက္ကိုတဇာတ်၊ ထုံးနိပါတ်ကို
ဖတ်စမ်းအုံး အချစ်ရယ်။

ဘုရားလောင်းတည့်၊ မျက်စိမမြင်
မိခင်အိုအား၊ ဖြားယောင်းနွဲ့ညု
စိတ်ညွတ်နရန်၊ သူ့တပည့်အား
သွန်သင်ကြားပြီး၊ စကားသီဆိုစေသတဲ့။

ဘုရားလောင်း၏၊ တပည့်ငယ်လျှင်
ညစဉ်ညဆက်၊ နညက်သာကြည်
စကားတီတာ၊ နွဲ့ခရာယင်း
ချစ်တင်းသီဆို၊ အဘွားအိုအား
နပျိုငယ်စိတ် ဝင်စေသတဲ့။

အဘွားအိုကား၊ ညပေါင်းများစွာ
ကြားရလာလျှင်၊ သာယာမူးမေ့
စိတ်ကြည်မွေ့ကာ၊ ဇရာတရား
မစဉ်းစားနိုင်၊ ဘုရားလောင်းတော်
သားမျက်ဖျော်၏၊ စက်ပျော်ရာသို့
ကြိုးတန်းပို့လျက်၊ လက်တွင်းမှာဓား
ထည့်ပေးထားလျှင်၊ တအားခုတ်ဖြတ်
ကိုယ်တိုင်သတ်ပြီး၊ ချင်ဇာတ်ခင်းမည်
ကြံစည်ပါရော....

ကြံသည့်အတိုင်း
ဓားနင့်ပိုင်းဖြတ်၊ သတ်မည်ရွယ်စဉ်
ခုတင်ဘေးနား ဘုရားလောင်းလျှင်
အို " မိခင်" ဟု၊ အသံပြုသော

ရင်ခွင့်ပြောင်းသစ်၊ မောင့်အချစ်အား
အပြစ်မဆိုချင်တော့ပါ။

**အနှောင်အဖွဲ့**
အလိုတူက၊ ချိုမြူတွဲယှဉ်
အသင့်ငင်ရန်၊ ကြိုးမျှင်ရှည်နှင့် ထားခဲ့သူ...။

အလိုကျက၊ ချိုမြနှစ်သက်
လွတ်မထွက်အောင်၊ ထပ်ထပ်နှောင်လို့
ဟန်ဆောင်လှည့်စားထားခဲ့သူ...။

သည်ပစ္စည်းကို၊ ဖမ်းဆီးတွယ်ဆုပ်
အတွေးရှုပ်အောင်၊ မလုပ်မထင်
မသိမ်းချင်ပါ၊ ငင်လိုကဆွဲ
ကြိုးနှင့်တည်းပြီး ဆွဲလိုက်တိုင်းရ
စိတ်ကချလို့၊ လိုတရနိုင်ပါသည်လေ....။
လာလျှင်နှင်၍ ၊ ငင်လျှင်မပါ
ထိုအခါ၌...။
ဆွဲတိုင်းမလိုက်၊ ကြိုက်တိုင်းမပြု
ထိုဝတ္ထုသည်၊ ထုထည်မားမတ်
ခိုင်ခိုင်ရပ်၍၊ မပြတ်မပါ
မလာမဆိုက်၊ ဦးမခိုက်ပဲ
မငိုက်မကျိုး၊ အခါမျိုးတွင်...။
ရင်မှာဒေါသ၊ လှိုင်းနယ်ထ၏
ဆန္ဒပင်လယ်၊ အပြောကျယ်၏
တွယ်ငင်သည့်ကြိုး၊ အမျိုးမျိုးဆွဲ
ချည်နှောင်တည်း၍၊ ဆွဲယင်းဆွဲယင်း
ကြိုးစတင်းကာ၊ ဝပ်စင်းနှောင်တုပ်

လိမ်ရှုပ်ရစ်ပတ်၊ အထပ်ထပ်နှင့်
အကျပ်အတည်း၊ ခံရပြီးမှ
ပစ္စည်းရှေ့မှောက်၊ ကိုယ်တိုင်ရောက်လျက်
ဒူးထောက်တောင်းဆို၊ ရယူလိုကြောင်း
ငိုယိုဖွင့်လှစ်၊ သည်အဖြစ်ကို
စင်စစ်မသိလိုက်တကား။ ။

**ဝဋ်**

အငုံအဖူးကို
မခူးမဆွတ်ခဲ့ပါဘုရား။

အငုံအပွင့်ကို
မလှွင့်မခြွေခဲ့ပါဘုရား။

အကြွေပန်းကို၊ နမ်းရှုံကလေး
မွှေးရှုံမွှေးကာ၊ ထွေးထွေးနုနု
ယုယုယယ နေပါလျက်။
ပန်းဖျက်မှုဆို၊ နံ့သာခိုးဟု
ယိုးစွပ်ကျိန်ဆဲ၊ အထင်လွဲကာ
အမြဲအငြိုအငြင်ခံခဲ့ရပါသည် ဘုရား။ ။

**စိမ်းသူ**

အယင်တုန်းက၊ လုံးလုံးမသိ
အကြည့်မဆုံ၊ အာရုံစွဲမှတ်
မထင်ဟပ်ခဲ့၊ စကားဖွဲ့နှော
မပြောဖူးသူ....
သည်လူတစိမ်း ခေါ်နိုင်သည်။

နှစ်ကိုယ်တစိတ်၊ အရိပ်လိုပဲ
တွဲယှဉ်မှီယှက်၊ လက်ပွန်းတတီး
ရင်းနှီးနှောင်ရစ်၊ ချစ်ဖူးသူခင်
မြင်လျက်မကြည့်၊ သိလျက်မခေါ်
သြော်.. အနေခက်၊ သစ်ရွက်လိုစိမ်း
တိမ်းနယ်တိမ်းလျှင်
တစိမ်းပြင်ပြင်လိုပါပဲ။

သြော် ..... မိုးတွင်းသစ်ပင်၊ ရွက်နုဆင်ကာ
အသွင်နုသစ် နေပြန်တကား။ ။

**လွမ်းရက် ရာထောင်**

တနေ့တရက် ၊ အတွေ့ခက်လျင်
လွမ်းရက် ရာထောင် ဝေတယ်ခင်
တကယ်ပါပဲ
အဖြစ်သည်းလို့ ကဲတတ်ရန်ကော
ပြောပါသခင်၊ မြင်မှကြည်မွေ့
တွေ့မှကြည်နူး၊ မြသက်မှူးရယ်
ရှူးတယ်ဆိုလဲ ဆိုပါတော့။
တကယ့်တကယ်
ဘာရယ်ဟုတ်ဘူး၊ နှစ်ဦးတွေ့ချင်
ရင်ခွင်မှီစက်၊ လက်ချင်းဆုပ်ကိုင်
ထိုင်နေချင်မိ၊ နေကုန်သည့်တိုင်
ကြည့်ယင်းကြည်နူးချင်တာပေါ့...။
ခုတော့ သခင်
အမြင်တွေ့ခက်၊ ကျောင်းပိတ်ရက်တွေ
ဘယ်လိုနေပါ့၊ မောင့်ညီမြသည်း(သဲ)
ခင်နဲ့ခွဲတော့၊ ရင်ထဲမပူရပါလား။
တနေ့တရက်
အတွေ့ခက်တော့
ဆယ်သက်ကမ္ဘာထင်တယ်ခင်....။

**ရင်ခွင်ရိုင်း**

နိုကိုးစရာ၊ ရှာသော်မတွေ့
ရွှေ့ရွှေ့ဖြတ်သန်း၊ သစ်တန်းမမြင်
လွင်ပြင်ခရီး၊ သည်းညှူးပန်းဟိုက်
ပျံသန်းလိုက်နှင့်၊ အသိုက်မဲ့သော ငှက်ငယ်ပါ။
အထီးကျန်မို့၊ သည်းထန်ညှိုးနွမ်း
အပန်းဖြေလို၊ နေအညိုမှာ
နိုဝင်စရာ၊ အရိပ်ရှာစဉ်
သစ်တပင်တွေ့၊ စိတ်ချမ်းမြေ့သည်
ကြည်မွေ့စရာ ဖြစ်မည်ထင်။
သည်အပင်ထက်၊ မေးစက်နားခို
နေညိုမှောင်မိုက်၊ အိပ်စက်ခိုက်တွင်
ကောင်းကင်ထစ်ကြိုး၊ သန်းကောင်မိုးသည်
အပြိုးကြီးစွာ၊ ရွာသောအခါမှ
အိပ်ရာနိုးထ၊ မိုးရေစဖြင့်
မြရွက်မဝေ၊ ပင်ခြေပြိုင်းပြိုင်း
အကိုင်းငေါက်ငေါက်၊ ရိုးတံခြောက်မှာ
ကွန်းထောက်တွယ်ရစ်၊ သည်အဖြစ်ကို
စင်စစ်နားလည်လိုက်တကား။

**အသိခက်သူ**

နေသာသည့်ခိုက်၊ နေနှင့်လိုက်သော
နေ၌ပျော်တတ်လေသူခင်
လသာသည့်ခိုက်၊ လနှင့်လိုက်ကာ
ည၌ မွေ့တတ်လေသူခင်။
ညမှာလဲမွေ့၊ နေ့မှာလဲပျော်
ဩော်... အသိခက်၊ မျက်နှာထွေပြား
များတတ်လေသူ...
မိုးစွေသည့်နေ့၊ နေမတွေ့လျှင်
လကွယ်ညမှာ၊ လမသာလျှင်...
ပြင်ပြင်စိမ်းကား၊ မထောက်ထားတတ်
အားလုံးမုန်းမေ့ နိုင်ပြန်သည်။

.........................................................................

**လှည့်စားသူ**

ရေငတ်လို့
ရေခပ်ပါရစေသခင်။
သကာနှုတ်ဖျား၊ စကားချိုသာ
မာယာကုဋ္ဌေ၊ နွဲ့ညုလေ၍
ရေကိုခပ်ကာ၊ မျက်နှာမသစ်
နှစ်သက်ဝမ်းမြောက်၊ မသုံးသောက်ပေ
ခပ်သည့်ရေဖြင့်
ခြေဆေးတတ်သူပါကလား။ ။

.........................................................................................

**ချစ်သူ**

မနေ့ညက၊ ဝိဇယဇာတ်မှာ
အတတ်တထောင်၊ ယောင်ဆောင်တသန်းနဲ့
ဘီလူးမ အခန်းကိုလဲ
အံ့မမန်းမင်းပိုင်တယ်။
"ကိန္နရီချောင်းခြား" မှာလဲ
သနားစရာအဖြစ်၊ ချစ်သူအတွက်
မျက်ရည်ကျဟန်၊ ပူပန်ဟန်လုပ်
သရုပ်ဆောင်ပြ၊ လွမ်းဆွေးရနဲ့
ညတုန်းက ဟန်တသွယ်။
ဘယ်ဇာတ်ကက
ဇာတ်ရည်ဝသူ
နောက်ည တခန်းပြောင်းဦးမယ်....။

..................................................

**မိုးဦး**

ကြာပြီလေ
တရှည်နွေထဲ၊ ကြွေဆဲခြွေရက်
နေလဲ အနေခက်သူ၊ အပူခံဘဝ
အပူဒဏ်ခလို့၊ ညှိုးလျှနွမ်းသွေ့
မချမ်းမြေ့နိုင်၊ မြူငွေ့တံလှပ်
မိုးခေါင်ရပ်က၊ ရွက်ချပ်မဝေ
နွေသစ်ပင်ပါ၊ သခင်လာမှ
ဖူးညှာမြသစ်၊ ဝေစည်ဖြစ်မည်
မျှော်လင့်ရည်ကိုး၊ အမြတ်နိုးဆုံး
မိုးဦးအချစ် လာပါကွယ်...။
နွေရက်တွေက၊ ကြွေသမျှလေ

ဝေပါရစေကွယ်၊ ရေစင်မိုးစက်
မေတ္တာလက်ဖြင့်၊ ဖျန်းပက်ပွေ့ထွေ
ငြိမ်းအေးသာကြည်၊ ရာသီအသစ်
တာရှည်ဖြစ်ပါ၊ ထုံယစ်ပျံ့ဝေ
နံ့သာရေချိုး၊ ရွှက်နတိုးအောင်
မိုးဦးအချစ် လာပါကွယ်...။
လာပါအချစ်၊ မိုးဦးသစ်ရယ်
ပုရစ်ဖူးစို့၊ ပန်းငုံတို့ဝေ
လောကမြေကို၊ ငြိမ်းစေချမ်းစေ
အနွမ်းပြေလျက်၊ ပန်းတွေပွင့်အောင်
စွမ်းရွက်ဆောင်ပါ၊ သနားညှာမထောက်
ရာသီဖောက်ပြန်၊ မှန်တိုင်းထန်လျက်
အကိုင်းခက်တွေ၊ ဖျက်ခြွေရိုက်ချိုး
အငြိုးတကြီး၊ မိုးမသည်းနှင့်
လျှပ်စီးနွယ်ခကျ၊ မချုန်းပြက်နှင့်
မိုးသက်လေနှ၊ ယုယမှုဖြင့်
လွမ်းသူ့ရင်ကို ငြိမ်းပါလှည့်။

**ထားခဲ့တဲ့ဝေဒနာ**

ဝေဒနာအမော၊ သောကအပူ

ယူလာပေးလျက်၊ လွမ်းဖို့လက်တို့
မျက်ရည်စို့မှ၊ ဟို့.... အဝေးခွာ
လာရာလမ်းဆီ၊ ပြန်တော့မည်လား
နှလုံးသားထဲမှာငယ်...။
ပူသမျှ၊ အပူ၊ အတူမျှယူရဲ့
သူမှသူပါပဲကွယ်လို့
စွဲလမ်းနှောင်ရစ်၊ အချစ်ကြီးချမ်မိ
ဖြစ်သမျှဝန်၊ ကိုယ့်အလွန်ပါ
သံသရာထဲ၊ ကံကြမ္မာနည်းစွာနဲ့
အခွဲခွာ ခံရဖို့အတွက်၊ သက်သက်ညှိုးစေ
ဝေဒနာအပူသစ်အောင်
သြော်... လူဖြစ်လာခဲ့လေသလားကွယ်....။
နှစ်ကျွံကျွမ်းမြေ့၊ အလွမ်းငွေဝေ
အောက်မေ့နေအောင်၊ နွေညသြနှယ်
အလည်လာသလား၊ စကားဖောင်ဖွဲ့
ကြားယောင်ရဲ့လေ၊ ဘယ်တော့ပြေမလဲ
ဖြေဖျောက်ခဲခက်၊ မက်မောတွယ်ငင်
သံယောဇဉ်ကြိုး၊ လျော့သွားရိုးလား
တိုးနှောင်ထပ်ရစ်၊ ဝေးလဲချစ်နိုင်
သစ်စိမ်းလိုချိုး၊ ငြိုးထန်ရက်စက်
မေ့ရက်တောင်မှ၊ နှောင်ဘဝထိ
စွဲလမ်းမိမည်၊ သည့်ထက်ပိုသော
အပူအမောနှင့်
သူပြောနေသမျှ ယုံချင်တယ်..။

## မြှုပ်နှံသင်္ဂြိုဟ်ခြင်း

၁
သံယောဇဉ်
အမျှင်တဲ့လား၊ နှောင်ထားပတ်ရစ်
ကြိုးနှယ်ဖြစ်သော်၊ တော်ပေထင်မိ
တအိအိပြို၊ မြေလိုသဲလို
လူကို ဖုန်းအုပ်၊ စုန်းစုန်းမြုပ်ရဲ့
လှုပ်လှည့် မဖြစ်၊ မွန်းနစ်မောကျပ်
အသေသတ်တော့မှာလား .....။

၂
ဆွတ်ပျံ့ကြည်စွ၊ ချိုမြမွှေးမြ
ရာသီလှပန်း၊ မေတ္တာပန်းတဲ့
ပန်းနဲ့တင်စား၊ စကားဆိုကြ
အို .... အချစ်ရယ် ....
တကယ်တော့လဲ
မေတ္တာသဲတွင်း၊ လက်ယက်ကျင်းပါ
ဆင်းကတည်းက၊ သဲပြိုကျမှာ
သိနေပါရဲ့ .....

၃
နစ်ကျွံမြင့်ရှည်
ခင်ခင့်အိပ်မက်၊ တရံစက်မျှ
တစ တစိတ်၊ ကိုယ့်အရိပ်ဂဲ
ထင်မှာလဲလေ ....
နေနိုင်ရက်လို့၊ ခင်ခင်တို့များ
နေသလားကွယ်
စိမ်းကားခွဲပြတ်၊ မပြတ်တန်ရဲ့
ထင်နေခဲ့ဆဲ.....

၄
သဲတွင်းဂက၊ လက်ပြန့်တ်ဆက်
ခွဲခွာထွက်သူ၊ မီးခဲပူကို
ရင်မှာမျို၍၊ သဂြိုဟ် မြှုပ်နှ
ကျွန်ုပ်ခံအံ့ .....
သံယောဇဉ်ကား၊ ဒြပ်ထုအားရှိ
ဖိအား ပိအား၊ ကြာလေများထင်
များတယ်ထင်၏ ......
ခင်ခင်သိလား ....

.........................................................................

**နှင်း**
နှင်းငွေ့ဂဲကာ.....
ဆွတ်ကြဲဖျန်းပတ်၊ မနက်ကလေးတွေ
နေနှင့်ဝေးအောင်၊ မှောင်ချစည်းခြား
ထားသလားကွယ်....

မမြင်သာအောင်၊`ကြင်နာခြင်း`ကမ်း
ဟို...လှမ်းလှမ်းမှာ၊ မှန်းခက်ရှိုးရိပ်
ထူပိန်းပိတ်ကာ၊ သိပ်သည်းနေဆဲ
အဝေခွဲခက်အောင် ရက်စက်သည်....
မျှော်လင့်ခြင်း....
သီးကင်းငယ်များ၊ နှင်းခါးရိုက်ချ
ကျကြွေမွကြေ၊ ဘဝသေ၏။
မီးတောင်ဝမှ ၊ လျှံကျပန်းထွက်
ချော်ရည်စက်နှင်း
ဝမ်းနည်းခြင်းကိုယူလာသူ....

**အစဉ်သာ**

မစီးနဲ့လေ...

ရေကိုတားနိုင်၊ ဆို့ပိတ်နိုင်လဲ...

မရှာနဲ့လေ...

ရေငွေ့ ရေခိုး၊ စနေမိုးအား

ဘယ်သူတားမလဲ...

မလာနဲ့လေ...

ဝေရီမှိုင်းခိုး၊ ရန့်ဆိုးများ

တံခါးသော့ချိတ်

အလုံပိတ်ကာ ထားနိုင်လဲ...

မတိုက်နဲ့လေ...

ဟိုသည်မွှေနှံ့၊ လေပြည်ရှူးအား

ဘယ်သူတားမလဲ။

မကြည့်နဲ့လေ...

အနေစိမ်းစိမ်း၊ တိမ်းဖယ်ရှောင်ချင်

ခင်နေနိုင်လဲ...

မမြင်နဲ့လေ...

ဝေဒနာနွေး၊ ခြေရာလေးထား

နှလုံးသားမှ၊ ဆပွားထောင်ရာ

သည်မျက်နှာကို...

အို...ဘယ်သူတားလို့ရမှာလဲ။

**ကစားစရာထင်ပါသလား**
ခဏကလေးဆိုပြီး
ခရီးဝေးထွက်သွားသူ...
အဖော်ဆိုပြီး
ထီးတည်းထားခဲ့သူ...
ပျားရည်တစက်နှင့်
ဝမ်းပျက်စေခဲ့သူ..
တကယ့်တကယ်၊ တွယ်တာသနား
လားလားမဟုတ်၊ ထိလှုပ်နှိုးခတ်
လမ်းကြုံဖြတ်ရုံ...
မှတ်သုံမဝင်၊ မုန်တိုင်းဆင်လဲ
ဖွဲဖွဲဆွေရှာ၊ ရာသီဆိုးထဲက
ယာယီမိုးကလေး တခုပါပဲ။

........................................................................

**တဝဲလည်လည်**
ငှက်တကောင်လို..
ခိုနားဖူးရာ၊ ရင်မှာမသိ
မငြိတွယ်တတ်၊ စိတ်လွတ်လပ်နှင့်
ဖြတ်ခွာရှေ့ဆက်ချင်သော်လဲ...
မြက်တပင်လို...
အမျှင်မရှိ၊ တိကနဲပြတ်
ဖြတ်လွယ်ပြတ်လွယ်
တွယ်တာမရစ်
သစ်စိမ်းချိုးနယ်နေချင်လဲ....

ကြာတရိုးလို...
ချိုးဖြတ်သော်လည်း၊ အမျှင်တွဲနှင့်

ခွဲခက်ခွာခက်၊မစွန့်ရက်ပြန်
သံယောဇဉ်ဖြစ်...
ကြာဆစ်ကြိုးနှယ်ဘဝမို့...
ဝေးရာဝေးရာ
ပြေးခွာစွန့်ထွက်
စက္ကူစွန်မျိုး၊ ကြိုးတန်းလန်းငင်
အမျှင်မပြတ်၊ ဖြတ်ခွာဖြေချွတ်
သည်နောင်ဝဋ်ကြွေ
လွတ်လွတ်မစွန့်နိုင်သူတည်း။

**ထာဝရကလေးများ**

မေ့တတ်ပါလျှင်
ဘာဖြစ်မှာလဲ၊ ခွဲရန်ရှိသော
ဘဝမောမှာ ၊လွင့်မျောတတ်စွာ
ယာယီတိမ်လို
အို…ခဏလေး
ဆေးသားပျက်ပြယ်သွားလိမ့်မယ်။
တွေ့ဆုံခြင်းများ
အလျားတဆုံး၊ ခြယ်သီမှုန်းနေ
ဝေဒနာရောင်စင်၊ သံယောဇဉ်များ
ခြေရာများကို၊ ဆင့်ပွားဝေ၏
သိမ်းဆည်းမိ၍ …
မေ့တတ်နိုင်ခြင်း၊ အလျဉ်းမရှိခဲ့ပါ။
အရာရာသည်…
ဝေးလာသည်မှ
သေးလာသည်မှ
တစတခု၊ ဒြပ်ထုမရှိ
နတ္ထိဗလာ တရားနယ်…

တကယ်ဆိုမှ
မြူတေမှုန်ဖြစ်သော၊
အချစ်ဆိုလဲ အကောင်းသား။
ခုတော့ကွယ်…
ဘယ်နေ့မှာလဲ၊ ခွဲရက်စောင့်ယင်း
ရင်တွင်းပြည့်သိပ်၊ သောကဖိတ်စဉ်
အိပ်မက်ဆန္ဒ၊ ကဗျာစတို့
ထာဝရတခုဖြစ်မှာလား။

**သောကသောင်**

နမအချစ်၊ မြစ်ထဲကရေ
နွေနဲ့မိုး...
တမျိုးစီပြောင်းတတ်၏။
ငှါရာသီများ၊ ကာ လလျှားရှည်
နွေနေ့လည်မျိုး ၊တံလျှပ်ခိုးဝေ
နေအပူပြင်း၍
ကွေ့ကောက်စီးရစ်၊ သူမမြစ်၌
အချစ်ရေများ၊ လျော့ပါးစပြု
ခန်းလုပေါ့လေ...
နွေ၏နေသည်
ရေကိုအငွေ့ပြန်စေကာ...
နွေအနမ်း
ရေအခန်းမှာ
နွမ်းမောလျအောင်
လွမ်းသောက သောင်တို့
လက်ဆောင်အဖြစ်
ထားရစ်ခဲ့ပြန်....

**မိုးထဲမှာ**

တစက်နှစ်စက်
သစ်ရွက်တွန့်ခြောက်၊ မိုးစက်ပေါက်မှန်
ပြန်လည်နုပျို၊ စိမ်းလန်းစိုပြေ (ပြည့်)
ဝေနိုင်ပါ့မလား… ၊ ခံစားပူနွေး
တွေးယင်းမောဓါ။
စံပယ်နုဖြူ၊ သူမပေးသော
ပန်းချိုတောလဲ၊ မြဲခဲ့စိုရွက်
ဖူးငုံခက်ဝေ၊ မိုးဆွတ်ရေဖျန်း
လန်းရော့မည်လေ….
ရည်ရွယ်လူသစ်၊ ပေးရန်ဖြစ်စေ
နုမခွေရူး၊ စိတ်ကြည်နူးလိမ့်။
မိုးဖွဲ့မိုးစက်၊ ပါးပြင်ထက်စို
ငိုမိသလား၊ ခြားနားမကွဲ
မသည်းတသည်း၊ ရွာနေဆဲမှာ
ရင်ထဲဆူမြိုက်၊ လေပြင်တိုက်၏။

**အရိပ်များ**

လ မရှိပါ....
လ ၏ အစား၊ ချစ်သူ့ပါးပြင်
ပါးကွက်ထင်...။
ကြယ် မရှိပါ....
ကြယ်၏ အစား၊ ဖန်သားလဲ့ပြာ
မပဟူရာနက်၊ သူ့မျက်ဝန်းတွင်
ရွှန်းလက်စင်...။
ည မရှိပါ...
မေတ္တာဟူသည်၊ မယုံကြည်ပါ
လသည် ကြယ်သည်၊ ည လယ်မွေ့ပျော်
အဖော်မစစ်၊ ပစ္စက္ခအား
လှည့်ဖြားခြင်းသာ၊ ည များစွာ၏
အနာဂတ်သည်၊ အိပ်မက်ရှည်။

..........................................................................

**လွမ်းစံပယ်**

တကယ်မဝေးပေမယ့်
စံပယ်လေးတွေ ခြောက်ပြီလေ.....
မခေါ်သာ အတွေ့ခက်....
နေ့ရက်တာရှည်...
ပွင့်သစ်တို့ တဝေဝေ....
ပွင့်ကြွေတို့ တဖွေးဖွေး...
အသက်တမျှ ချစ်ပါရဲ့
လက္ခဏာအဖြစ်လို ပွဲဝင်မထိုက်သူမို့
ကျွမ်းမြိုက်ဆူခန်းရှည် ဇာတ်မှာလဲ
ပန်းကြိုက်ဆူ အခန်းရှည် ဇာတ်မှာလဲ

အမှတ်တရကွယ်၊ ခြေရာချန်သလား
ဝေဒနာကျန်၊ တမြည့်မြည့် အဆွေးတွေနဲ့
မရေရာပြန်၊ တစေ့စေ့ တွေးတော့မှ
(အချစ်ရယ်) တနေ့ထက် တနေ့  ဝေး…။

……………………………………………………………………………………

**ရတနာသူ**
ဝန်းရစ်သွေးဥ၊ စည်းစုယှက်လည်
နတွေးအိစို၊ အို …. ပတ္တမြား
ပါးနှစ်ဘက်မှာ ရတနာ။
ရှက်ဟန်ပြုံးပြ၊ ခဏလေးနော်
ဖြူသွယ်ပုလဲ၊ ပါးစပ်ထဲမှာ
ရတနာ….။
ရွှန်းရွှန်းလဲ့ကြည်၊ အရည်လည်ကာ
မဟူရာနက်၊ မျက်ဝန်းထဲမှာ
ရတနာ…။
အမြင်ရခက်၊ ကွယ်ဝှက်သိမ်းထား
နလုံးရခက်၊ ကွယ်ဝှက်သိမ်းထား
စိမ်းသည့်မြခဲ၊ သူ့ရင်ထဲမှာ
ရတနာ…။

**အဖြည့်ခံ**

စံပင်ပန်း စံပယ်ခွေ
ကိုယ်တိုင်ခြွေကိုယ်တိုင်စု
ဘယ်သူ့ဖို့လဲ။
မြဆံကေ တပတ်ရစ်နဲ့
ပန်းချစ်သူ သက်ညှာန
သူဖို့ပါပဲ။
ကံ့ကော်ပွင့် ထုံနံ့သာ
ကိုယ်တိုင်ရှာ ကိုယ်တိုင်စု
ဘယ်သူ့ဖို့လဲ။
ဆံညှာမှာ ပန်ကာစိုက်စေလို့
ပန်းကြိုက်သူ သက်ညှာန
သူ့ဖို့ပါပဲ။
စံပင်ပန်း ကံ့ကော်လှှာ
ပန်းပန်ကာ ချစ်သက်ထား
ဘယ်သွားမှာလဲ။
ကျေနပ်ကာ ကြည်ကြည်ဖြူနဲ့
နှစ်ကိုယ်တူ သူချစ်တဲ့
လူသစ်ဆီပဲ။

**မစွန်နဲ့ဝှံ့သူ**

ရာသီအိုရင့်၊ ကာလမြင့်ရှည်
သခင့်ဆံစ၊ နုရွှေဖွနမ်း
ချမ်းမြပျော်သစ်၊ ရင်ခုန်ချစ်ဆဲ
ခွဲဝှံ့သူက၊ စွန့်ခွာမှတော့
သည်ကကျွမ်းမြေ့ လောင်မြိုက်မည်။
တွယ်တာတတ်၍၊ ခွာဖြတ်ခွဲစက်
မမေ့ရက်လျှင်၊ နှင်းစက်အချစ်
ဘဝသစ်ရှက်၊ လျောဖျက်တွဲခို
အို... မခြောက်သေးသမျှ...။
သတိရလေ...
တမ်းတလွမ်းမော၊ သောကတောညို့
မှိုင်းရီဆို့ဆိုင်း၊ ကိုင်းဆစ်မြန္ဒယ်
ရစ်ပတ်တွယ်ငြိ၊ ဝဲလည်ဝေ့ဝဲ
စွဲမြဲတတ်ပြန်၊ သံယောဇဉ်ဖြစ်
ချစ်မြဲချစ်သည်..။
ကိုးစားစရာ
မာနအမြစ်၊ မြေအောက်နစ်ဝင်
ချစ်ခြင်းဆင်းရဲ၊ ရင်ထဲနာကျင်
သင်ဓုန်းဓားထက်၊ပျားရည်စက်ချို
တွယ်ဖက်ငိုမော၊ သောကတရား
ခံစားနေပျော်တတ်သေး၏။

**နွေဝေဒနာ**

သရက်ကင်းတွေလဲ
မြက်ခင်းမှာ ကြွေပြီးခင်...။
နွေလေပူ တချက်သုတ်လေတော့
အရွက်ပြုတ် သရက်ပင်..။
ချစ်သူ မေ့ပြီလား
ငယ်ခလေ့ အရွယ်နုစဉ်က
မောင့်ဥယျာဉ် သရက်အုပ်မှာ
လက်ဆုပ်ကိုင် နှစ်ကိုယ်လျှောက်ပါလို့
သရက်ကင်းကြွေအတူကောက်တာလဲ
လွမ်းအောက်မေ့ ရင်မှာကျင်
သည်တနွေဝင်တော့...
သရက်ကင်းနဲ့မှ
ထမင်းမြိန် စားတတ်သူက
ထောပတ်ပေါင်မုန့်ကင်နဲ့
နေ့တိုင်းပင် ဗိုလ်စာမက်ပါလို့
အနောက်ဟန် ဖောက်ပြန်ဖျက်လေတော့
မောင့်သရက် သူမမင်
မောင့်သရက် သူမမင်
မောင့်ဥယျာဉ် သူမရောက်နိုင်ဟု
သရက်ကင်းတွေ၊ အကြွေကောက်တာလဲ
(အချစ်ရယ်)
မေ့လောက်ပြီပေါ့...။

## သို့လောင်ခြင်း

"မေတ္တာ"…ဆိုတဲ့ပန်းနုလွှာ
သမ်းဆည်းကာ ရင်မှာစု
ဘယ်သူ့တွက်လဲ။
မဆင်းရဲသူမို့
ရင်ထဲမှာ ပန်းတွေစု
သူ့တွက်ပါပဲ။
"စကား"ဆိုတဲ့ငှက်ညိုပြာ
နားနေကာ နှုတ်မှာစု
ဘယ်သူ့တွက်လဲ။
တေးသီစမ်းမယ်လို့
နှုတ်ခမ်းမှာ ငှက်ပြာနု
သူ့တွက်ပါပဲ။
"မျက်ရည်"ဆိုတဲ့ပုလဲသွယ်
မျက်ဝန်းဝယ် သိမ်းကာစု
ဘယ်သူ့တွက်လဲ။
သူကစိမ်းလေတော့
မငြိမ်းနိုင် အပူဆို့မယ့်
ကိုယ့်တွက်ပါပဲ။

**လမ်းခွဲခြင်း**

လိုက်ခဲ့လို့ ကျွန်တော်ခေါ်
အဖော်ကမဝံ့ရဲ။
ကိုယ့်လမ်းတာ ကိုယ့်ခရီး
မိုးသည်းလို့ပဲ။
သွားကြစို့ကျွန်တော်ခေါ်
အဖော်က မလိုက်ရဲ။
ကိုယ့်လမ်းဟာ ကိုယ့်ခရီး
လှိုင်းကြီးလို့ပဲ။
လှမ်းးကြစို့ ကျွန်တော်ခေါ်
အဖော်ကမလိုက်ရဲ။
ကိုယ့်သွားရာ ခရီးလမ်း
ကြမ်းတမ်းလို့ပဲ။
လက်တွဲစို့ ကျွန်တော်ခေါ်
အဖော်ကစိတ်မရဲ။
ကိုယ့်လမ်းဟာ တဆစ်ချိုး
ဆိုးလွန်းလို့ပဲ။
သွားတော့မယ်နော်
ကျွန်တော်ကနှုတ်ဆက်။
ကဗျာလေ့ ရှေ့ကိုမှန်ကာ
သည်ကမ်းကထွက်။

**လေထန်သောည**

လူကြုံပါး၍၊ မောင့်အားပေးဆက်
ချစ်သူ့လက်ဆောင်
ရောင်စုံမီးပုံးကလေးတွေ
အနေဝေး၍၊ အတွေးထဲက
ညီမကိုယ်စား၊ မီးပုံးများဟု
လက်ဖျားပိုက်ပွေ့၊ စိတ်ကြည်မွေ့ကာ
နေ့တိုင်း သတိရတာတ်သည်။
သီတင်းကျွတ်ည၊ ညီမလက်ဆောင်
ရောင်စုံမီးပုံး၊ ထွန်းညှိတုန်းလဲ
ချစ်သည်းညှာမြေ၊ မောင့်ညီမကို
တမ်းတစိတ်ဖြင့် လွမ်းမိသည်။
သီတင်းကျွတ်ပြီ
ညီမလာလျှင်၊ ရင်မှာပိုက်ပွေ့
နေ့ကောင်းသတ်မှတ်၊ လက်ထပ်စို့လား။
စကားဆိုမည်...
သည်အခါကျ၊ ညီမအဖြေ
ဘယ်လိုနေလိမ့်
အတွေးရှုးဖြင့်၊ ကြည်နူးနေခိုက်
လေအတိုက်မှာ၊ နီပြာခရမ်း
ကြိုးတန်းလှုပ်ယိမ်း၊ အားလုံးငြိမ်းစဉ်
အစိမ်းရင့်ဆုံး၊ ခင့်မီးပုံးလေး
တလုံးထီးတည်း ကျန်ပါသလား...။

**ကျွန်တော့်မြေမှာ**

ပန်းပွင့်ကို ကျွန်တော်မင်
ပန်းပင်ကို ကျွန်တော်ပျိုး
ထုံနံ့သာ ငုံကာဖူးကာမှ
လက်ဦးသူ-ချိုး။
အသီးကို ကျွန်တော်မင်
အပင်ကို ကျွန်တော်ပျိုး
သီးကင်းငုံ ပေါ်ကာထွက်ကာမှ
လက်ဦးသူ-ခိုး။
ပန်းအလှ ကျွန်တော်မင်
ပန်းပင်ကို ကျွန်တော်ပျိုး
ပွင့်ချိန်တန် ရနံ့ရိုင်းနဲ့
ပဒိုင်းပင်မျိုး။
အချိုသီး ကျွန်တော်မင်
အချိုပင် ကျွန်တော်ပျိုး
သီးချိန်တန် တမာများလို
ခါးသည့်အမျိုး။
ရေမလောင်း ပေါင်းမသင်
ပန်းတပင်ပါလား။
မမျှော်ရဲပြီဟု
ကံနည်းသူ ကျွန်တော်မို့
တော်သလိုပွင့်
သင့်သလိုဖူး
လက်ဦးသူ ချိုးချိုး
မြတ်နိုးသူ ပန်ပန်
ကိုယ့်ထိုက်နဲ့ ကိုယ့်တံပေါ့
ကိုယ်တန်လျှင် ကိုယ်ပန်ရချည်လိမ့်လို့
ဖြေသိမ့်ကာ စိုးရိမ်စိတ်နဲ့
ရင်ထိတ်တကား။

**ပန်းဖျက်မုဆိုး**

မင်္ဂလပွဲပွင့်၊ မရင့်ပဲကြွေ
အပင်ခြေတွင်၊ မျက်ရည်လူးသော ပန်းတဖူး။
သည်အရိပ်ဝင်၊ သည်အပင်မှ
ညွှန့်လွှင်ငုံဦး၊ ပုရစ်ဖူးကို
အခူးရက်စက်သူ တယောက်။
ပန်မည်လှည့်စား၊ ဟန်စကားတို့
လွှင့်ပါးကွယ်ပျောက်၊
လက်ထဲရောက်သော်
မှောက်လျက် ခြေလျက်၊ ကြေကြေညက်မှ
မြေထက်စွန့်ပစ်ခဲ့ပါသည်။
သွားယင်း လာယင်း၊ အပင်ရင်းမှာ
မသင့်မပျံ့၊ ဝင်းမဖန့်သည့်
ရနံ့လည်းခန်း၊ အကြွေပန်းကို
လှမ်း၍ ကျွန်တော် မြင်မိသည်။
အကြွေပန်းကို၊ နမ်းပါရစေ
ပန်းကြေ ပန်းခြောက်၊ ကောက်ပါရစေ
မြေမှုန်လူးလူး၊ သည်အဖူးကို
ကြည်နူးယုငင်၊ ကျွန်တော်ဆင်လို့
ရင်မှာသိမ်းမည် ကြံလေသော်...
ခွေသူ ဖျက်သူ၊ အယင်လူက
ပြုံစူဒေါသ၊ လှိုင်းနယ်ထ၍
အလှပျက်ကြေ၊ ပန်းအကြွေကို
ခြေဖြင့် နင်းခြေလိုက်တကား....။

**မေ့နိုင်မလား**

ဖုံးဖိလို့မရ
ကကြိုး အရုပ်၊ ကြိုးလိမ်ရှုပ်မှ
နောက်ဆုတ်ဟန်ပျက်၊
ဆုံးဖြတ်ချက်ကိုလည်း မပြင်ချင်ပါ။
လှို့ဝှက်လို့မရ
ကြောင့်ကြမှု ဝေဒနာ၊ မျက်နှာပေါ်ဟပ်
အနေကျပ်မှ၊ ဇာတကောင် စရိုက်ပြောင်း
အလျှောက်ကောင်းသူ မဖြစ်ချင်ပါ။
အခန်းဆက် ခရီးဇာတ်မှာ၊
အပြီးပြတ် ကြည်လင်နိုး
ယုံကိုးလို့စောင့်၊ စောင့်ယင်းနဲ့ကြာ
လာ လာ လာ မည်၊ ထင်မှတ်သည့်ပဲ
ချစ်လျက်နဲ့ ခွဲရမည့်လမ်း
လွမ်းနေဦးမည့် မျက်နှာမညှိုးခင်
မျှော်လင့်နေချင်မှု တခုခုအတွက်
ဒေါသလည်း မထွက်ချင်ပါကွယ်။
စောင့်ယင်းနဲ့ မလာမှန်းသိ
ကြည့်ယင်းနဲ့ မတွေ့တဲ့ အဆုံး
မမုန်းပဲနဲ့ ဝေးတာမျိုး ဖြစ်နေလျှင်
ဖူးတွေ့နေချင်မှု တခုခုအတွက်
ရင်ထဲမှာလည်း မရှက်တတ်တော့ပါကွယ်။
တကယ်ဆိုက၊ မာနတရား
သူ့ခြေဖဝါးအောက်၊
ရောက်အောင်ပေးဆပ်
ချစ်တတ်ခဲ့ယင်း၊ ယုံကြည်ယင်းမှ
နှံနင်းလို့ ကျွံနစ်ခဲ့တာမျိုး
ချုံတိုးလို့ ဆူးငြိတဲ့အဖြစ်နဲ့
လမ်းတဆစ်မှာကျန်၊ မချန်လှပ်ရက်
တစ်ယောက်တည်းလည်း

ခရီးမဆက်ရဲပေမယ့်
လမ်းခွဲဖို့ဆုံးဖြတ်လိုက်ပါတယ် အချစ်ရယ်။ ။

**တခါက**

ပန်းကိုဆွတ်မည်၊ ညွတ်ညွတ်နူးနူး
တွေ့ခဲ့ဖူးလည်း၊ အဖူးမဆင်
သည်တပင်။
မငင်လိုဘူး၊ မရူးလိုဘဲ
မျက်နှာလွဲမှ၊ ရဲရဲငုံအောင်
ပွင့်၍လာယင်း၊ နံ့သာဆွတ်လိမ်း
ရွက်ချက်စိမ်းနှင့် တိမ်းညွတ်သည်ထင်
နောက်တပင်။
မိုးကြားလေကြား၊ မုန်တိုင်ကြားမှာ
ထွက်လေလျှင်
တိမ်မည်းစင်၍ ကောင်းကင်လည်းပြာ
နေလည်းသာမှ၊ ခြေရာကိုကောက်
သည်လူပျောက်ကို၊
နောက်ကြောင်းခံကာရှာခဲ့သည်။
နေအာရုံတက်၊ ခွဲခွာထွက်လည်း
မိုးစက်ရွာချ၊ မုန်တိုင်းကျသည့်
ညအမှောင်စိုး၊ သန်းခေါင်းမျိုးမှ
အိပ်နိုးထကာ၊ ကျွန်တော်ရှာသော်
ခြေရာသာလျှင်တွေ့လိုက်၏။
သို့နှင့်လေ
နေသည်အိပ်စက်၊ အနောက်ဘက်ဝယ်
ပုန်း၍ကွယ်ပြီ၊ မှုန်မှုန်ရီကာ
ညသည် ကြီးစိုးလာချေပြီ။
ဝမ်းနည်းစိတ်ဖြင့်၊ ထိတ်ထိတ်ရင်ဖို
ငိုရန်သတိရ၊ သည်ကာလ၌
စီးကျဝေ့လည်း.... ငါ့မျက်ရည်တို့

ဘယ်ဆီမှာလဲ မရှိတော့။

**တဖြစ်လဲ**

မှုန်မှုန်ဝါးဝါး၊ မပြတ်သားသည်
ရင်ထဲမှာရှိ၊ စိတ်ကသိသည်
ကြည့်ရာ မြင်ရာ၊ မှတ်မိပါ၏
ညခါအိပ်မက်၊ နီးတဝက်လို
စိတ်လက်မကြည်၊ မပြီမှုမှေး
ခပ်ရေးရေးမင့်၊ အတွေးထဲမှာ ပုံပေါ်သည်။
သစ်ပင်သစ်တန်း၊ မြစ်ကမ်းချောင်းရိုး
ဟိုးအယင်ပုံ၊ လူချင်းဆုံတဲ့
ခုံတန်းကလေး၊ ရှိနေသေးတော့
နံဘေးဝန်းကျင် မပြောင်းလဲ
သတိရ၏၊ စိတ်က မပြောင်း
နောက်တွယ်ချစ်လည်း၊ ဖြစ်ပြီး ဘဝ
တကကျွာသည်၊ လုံးဝငြိမ်းချုပ်
ခန္ဓာရုပ်သစ်၊ လမ်းတဆစ်မှာ
အသစ်စ၍ နေတကား။ ။

**ငါ၏နွေများ**

သရက်ကင်းကောက်
မြက်ခင်းခြောက်ပေါ်၊ ပျော်ကြအော်ကြ
ဒသသမနွေ၊ ဝေဒနာမဲ့.....
နွေသည်
ဝေရီတိမ်းမူး၊ သရက်ဖူးနံ့
ဆွတ်ပျံ့သလို၊ ဟိုအဝေးဆီ
ကြည့်သည်မတွေ့၊ အပူငွေ့ဝေ
တံလှပ်တွေလား၊ လှုပ်ရှားစိတ်ဖြစ်
ပုရစ်နမြင်၊ ရင်ခုန်တတ်စေ
နွေတဆယ့်ခြောက်....
ချစ်သူနှင့်လျှောက်၊ ပိတောက်လမ်းတွေ
ရေတမာတန်း၊ ချမ်းမြေ့ပျော်မော
ကံ့ကော်တောနွေ၊ ကြုံရလေပြန်
ထရံတဆစ်၊ ချစ်စိတ်ကောက်ကြ
လွမ်းတ သနေ၊ နွေအကျည်းတန်
သူမ ဖန်တီး၊ ငိုညည်းတိမ်းညွတ်
ပျံ့ဆွတ်ကြည်ဖွယ် နှစ်ဆယ်ဝန်းကျင်
ရင်ထဲကနွေ...
ကံ့ကော်တောမှ၊ ငါနိုးထစဉ်
ဘဝ၏နွေ၊ စမိချေ၏
မြူဝေမှိုင်းထပ်၊ အနာဂတ်သည်
တံလှပ်လိုဖြစ်၊ သစ်ခြောက်တပင်
ပုရစ်ဆင်နီး၊ မျှော်လင့်ခိုးဝေ
နွေ.... နွေ.... နွေ.....

**နှင်းဆီနီ**

ကျေနပ်ပါလေ
ညနေငှက်တို့၊ အိပ်တန်းသို့ဝင်
မမှောင်ခင်လေး၊ ညဉ့်ကြိုတေးချင်း
သီဆိုညင်းလျှင်၊ မင်းနားလည်က
ခံစားရမည်....
သရက်ပွင့်နံ့၊ တမာနံ့မွှေး
ပျံ့ဆွတ်ခိုတွဲ၊ လေထဲမျှောပါ
ထိုအခါ၌၊ မင်းသာမှတ်မိ
ခံစားကြည့်က၊ သတိရမည်။
အိပ်ပျော်စလဲ၊ ခဏခဏ
ဖွဖွတိုးညင်၊ ယက်ကန်းမျှင်ယှက်
ဝိညာဉ်စေပါ၊ အိပ်မက်များဖြစ်
မျက်နှာသစ်မှ၊ သတိရလို့
ညက မောင့်ကိုမြင်ယောင်မိမည်။
ကျေနပ်ပါနော်
မပျော်သလို၊ ငြိုငြင်သည်းထန်
ပူပန်နွဲ့လျ၊ တမ်းတသလား
လွမ်းရသလား၊ စားဝတ်နေမှု
သိပ်သည်းထုခြား၊ ဝေးမသွားမီ
နှင်းဆီတပွင့်၊ မင့်ခေါင်းမှာစိုက်
ပန်ပေးလိုက်သား။

**လှေပျက်ပေါ်မှာ**

ယုံကြည်နေမှ၊ သွားလို့ရမယ်
နားလည်နေမှ၊ ရှေ့ဆက်ကြမယ်
ဘဝလှေပျက်၊ မထွက်ခင်လေ....
မေ... ဘယ်လိုလဲ၊ လိုက်ရဲမှတက်
ကမ်းက ထွက်မယ်။
ချိုအီ နမ်းမူး၊ မကြည်နူးနိုင်
ပျော်ဖူးသည့်ရက်၊ အိပ်မက်လိုပျောက်
လမ်းခွဲရောက်ပြီ၊ တယောက်တည်းလား
နှစ်ယောက်ပဲလား၊ ပြတ်သားနိုင်ရေး
နှုတ်ဆက်မေဖူး၊ လှေဦးပေါ်က ထိုင်စောင့်၏။
ခရီးအတူ၊ မညည်းညူပဲ
မေလိုက်ရဲတယ်။ ကဲ.. အခုထွက်
လှေပေါ်တက်စဉ်၊ လက်ကမ်းခေါ်မိ
ကြည်နူး၏လေ...
မေ...
မတွေ့ဝေတတ်
ပြတ်သားဝံ့သူ
ကိုယ့်ချစ်သူလေ...
လေထန်လှိုင်းကြမ်း၊ ကမ်းကအထွက်
မိုးသည်းရက်မှာ၊ လှေပျက်ဝမ်းပေါက်
တုန်လှုပ်ကြောက်ဖွယ်
အားငယ်သလား
နားလည်ထားနော်
ယုံစားအားဖြည့်
သတ္တိရှိနော်...
နော်...
နော်...
အော်ဟစ်အားပေး
သွေးမကြောင်နဲ့ အချစ်ရေ...

ဘဝလှေပျက်၊ မှောင်မိုက်ရက်ရှည်
ရေလည်ဝဲစုပ်၊ မြုပ်တော့မလား
ဘုရား ဘုရား၊ အနားတိုးကပ်
ရင်ချင်းအပ်ဆဲ၊ ဝေ့ယောင်ဝဲသီ
မျက်ရည်ထိန်းထား
အားတင်းထားနော်
ရောင်နီပေါ်ထိ
လှော်ခတ်အားစိုက်
ရုန်းကန်လိုက်စို့
ဟို့.... တနေရာ ကမ်းခြေထိ....။

**အလယ်ကအစ**

မပွင့်လင်းခြင်း အစ
သံသယဓားသည်
ပတ်ချည်နှောင်ရစ်၊ ချစ်ကြိုးကိုဖြတ်
ဝေးသွားတတ်စေ၊ မေ- မသိ၍လား....
တင်းမာခြင်း အစ
မာနတံတိုင်းသည်
ပိုင်းခြားဖြတ်ကာ၊ နာကျည်းမုန်းပြတ်
စိမ်းကားတတ်စေ၊ မေ-မသိ၍လား....
နားမလည်ခြင်း အစ
အတ္တမီးပွားသည်
ကြီးမားညို့ရိပ်၊ ထူသိပ်ပျော်မော
မေတ္တာတောကို၊ ဝါးမျိုကျွမ်းအောင်
ပူမြိုက်လောင်စေ၊ မေ-မသိ၍လား....
မေ-မသိ၍လား၊ သိ၍လားလေ
စောင်းပါးခွန်းစ၊ သံသယနှင့်
မာနမာန်တက်၊ အတ္တဖက်နွယ်
တွယ်မက်သမျှ၊ ပယ်ဖျက်ရမလား
ယုံစားမျှော်ရည်၊ ခရီးရှည်ည
ဘဝအဖော်အဖြစ်
ခဏအပျော် ချစ်သလား
လား၊ လား၊ လားနှင့်
စိမ်းကားရိပ်ငွေ့၊ တွေ့မှဝမ်းနည်း
လမ်းမခွဲပေမယ့် ညှိုးထန်သည်။

**ကတ္တီပါဖိနပ်တရံ**

မွေ့နည့်အိ၊ ကြည့်တိုင်းစွဲမက်
ကျက်သရေရှိ၊ ခြေ၏တန်ဆာ
ကတ္တီပါဖိနပ်တရံ
အဓိပတိလမ်း၊ ပျားရည်ဆမ်းလို
နှစ်ကိုယ်နွဲ့ယှဉ်၊ ခင်နဲ့အတူ
အပူပင်မဲ့၊ လှမ်းလျှောက်ခဲ့စဉ်
ညင်ညင်သာသာ၊ ကတ္တီပါဖိနပ်
သပ်ရပ်တင့်တယ်၊ မက်မောဖွယ်တည့်။
လမ်းကြားလမ်းကွေ့၊ မွေ့ရာမဟုတ်
ခလုတ်နှင့်ဆူး၊ ရွံ့လူးညစ်ပေ
လမ်းမတွေကို၊ ခြေချသည့်အခါ
ကတ္တီပါဖိနပ်၊ ဆက်စပ်မရ
သုံးမကျလို့...
လုံးဝ လွှင့်ပစ်လိုက်ရသည်။

**ပိန်းရွက်ပေါ်က ရေစက်ကလေး**

နမခေါ်၍....
မပျော်တောအုပ်၊ အပူရုပ်ဆင်
သောကပင်ကြား၊ အလွမ်းများကောက်
ရောက်ခဲ့ဖူးသည်။
ညပြာရီညို့၊ နှင်းဆီတို့ဝေ
နွေဦးပေါက်စ၊ နမခေါ်၍
အပျော်အိပ်မက်၊ လျှပ်တပြက်မျှ
မက်ခဲ့ရသည်။
အလွမ်းတောနှင့်၊ ပန်းမျောအိပ်မက်
မျက်ရည်စက်ကြွေ....

ရက်ရှည်လျှက်နေ....
မရေရာအဖြစ်၊ ဝေဒနာသစ်ဆဲ
အချစ်လာလေ၊ ရုန်းကန်နေကြ
ဘဝမြစ်ထဲ၊ ခုန်ဆင်းရဲစို့
နှစ်ကိုယ့်တစိတ်၊ အံကိုကြိတ်နော်
မောင်ကခေါ်လျှင်..
ဘဝ 'မြစ်'တွင်း၌
ဆင်းရဲခြင်း 'ရေ'၊ လှိုင်းထန် "လေကြမ်း"
မေတ္တာ 'ကမ်းပါး' တိုက်စားပြိုကျ
ထိုကာလ....
နှမမောင့်နောက်မပါတော့။ ။

**တခါတုန်းက နေရာဟောင်း**

အုတ်ခဲရင့်နီ၊ လက်ဖက်ရည်ခွက်
အပေါ်မျက်နှာ၊ ဆီငွေ့ဖြာတင်း
ဆေးပြာချင်းစပ်၊ စကားဖြတ်ခက်
နေ့ရက်များစွာ၊ အနာဂတ်လေ
မရေရာလဲ၊ ဝမ်းမနည်းသေး
ဆွေးနွေးငြင်းခုံ၊ ဆုံကြတွေ့ကြ
ကာလလေးတွေ။
အင်းလျာ ရတနာ၊ မာလာသီရိ
ရင်ခုန်ကြည့်များ၊ တွယ်ငြိတပ်မက်
စိတ်စက်မငြိမ်၊ ပါလာချိန်တို့
ညို့ယူဖမ်းစား၊ ညနေများစွာ...
'မြနန္ဒာ' ....
ဂီတာတယော၊ လွမ်းမောနွဲ့လျ
မြို့မတေးသွား၊ စည်းဝါးသံစဉ်

ညဥ့်ရင်ခွင်၌၊ ပွဲတင်လွှမ်းပတ်
မှောင်ရိပ်စပ်က၊ မက်တတ်နားဆင်
မမြင်ရိုးရိပ်၊ ကြည်နူးစိတ်ဖြစ်
နှင်းဖိတ်စက်လက်၊ ရောင်နီအက်မှ
နှုတ်ဆက်ပြန်လာ၊ ရတနာအင်လျား
ညများအသချေ်။
ကျန်ခဲ့ပြီလေ
ဖိတ်စဉ်ကြေမွ၊ ပြန်မရတော့
ညများ နေ့များ၊ စားဝတ်နေမှု
သိပ်သည်းထုအောက်၊ မွန်းနစ်ပျောက်ရှ
ညနေတစောင်း၊ သုံးဘီးမောင်းယင်း
ကျောင်းဖွင့်စမှာ၊ ရတနာကို
တခါရောက်တယ် သူငယ်ချင်း။

**မြစ်အကူး**

မိုးထဲမှာမေ....
လေတစ်စင်းနဲ့၊ ရွက်မဲ့တက်မဲ့
လက်နဲ့လှော်ခတ်၊ ဖြတ်စဉ်အခိုက်
မုန်တိုင်းတိုက်ခတ်.....
ဇော့ဝိုက်လှေလူး၊ ဦးထောင်ပဲ့စောင်း
လှေဝမ်းခေါင်းပေါက်၊
မှောက်ချင်မှောက်မည်
အမှောင်အမိုက်ထဲ၊ ဒိုက်သရောလား
ကျောက်ဆောင်လားပဲ၊ အခွဲခက်ခက်
ညနက်နက်မှာ၊ ချွေးစက်မိုးရေ
ရောထွေးပေစီး၊ မေမည်ဦးနဲ့
ခရီးကြမ်းတမ်း၊ ပန်းချင်ပန်းမည်။
ယုံကြည်ခြင်းလေ....
မေနှင့်အတူ၊ ဖေးကူအားဖြည့်
သတ္တိတရား၊ နားလည်ချစ်ကြင်
ခံစားချင်တတ်၊ ကျောချင်းကတ်သူ
လှေခတ်လူပ်ရှား၊ ခရီးသွားဖော်
တီးတိုးဖော်နှင့်၊ နေပျော်၏ထင်
အားသစ်ဝင်မည်။
ကိုယ့်ခရီးနှင့်
ကိုယ့်စီးမည့်လှေ
မေအမြင်ပဲ၊ လိုက်ရဲလျှင်တက်
ကမ်းကထွက်မည်။

**ခရီး**

ပန်းကြားထဲ
လွမ်းစကားချွဲ
အနမ်းများ သည်းစဉ်ကကွယ်။
အဓိပတိလမ်းက အချစ်
သစ်ပုပ်ပင်ရင်းက အနမ်း
ခုံတန်းပြာပေါ်က အကြည်နူးတွေနဲ့
ဦးချစ်ဆိုင် ဗန်ဒါရိပ်တောင်မှ
နိဗ္ဗာန်လို့ ထင်တယ်။
သမုဒယ အနွယ်ကလေးတွေနဲ့
လူ့ဘဝကို အလွယ်တွေးပြီး
ဝေးရမှာကြောက်
ဆွေးရမှာ ကြောက်တာနဲ့
နှစ်ယောက်အတူ နီးကြပါစို့ အချစ်ရယ်
ဖြစ်လွယ်ပျက်လွယ် လောကထဲ။
အထင်အရှား
လင်မယားရှား အိမ်ထောင်ပြုကာမှ
လူ့ဘဝ ရေဆန်လမ်းမှာ
ပန်းများလဲ မဝေပါလား
အနမ်းများလည်း မခြွေသာအား
စကားဆို နှစ်ကိုယ်ကြည့်ရုံနဲ့
ဝမ်းပြည့်ကာ ကိုယ်မလှုနိုင်တော့
ဘဝလှ ကမ်းက အထွက်မှာ
လှော်တတ်ကို ဘွဲ့နဲ့လဲပါလို့
ဝဲစုပ်တော့ လှေယိုင်
ပဲ့ကိုင်ယင်း လှေစောင်း
ဝမ်းခေါင်းထဲ ရေဝင်နဲ့
ခရီးစဉ် လေထန်ခိုက်
မှောင်မိုက်လို့မဲ (မည်း)။

**အိပ်မက်ဖြူဖြူ**

စံပယ်နွဲ့နု၊ ဖြူလွဲ့ညက်စင်
အိပ်မက်ပင်တော၊ မောလျှန္တမ်းလျ
သောကလွှမ်းပွင့်၊ ခင်ခင့်ကိုယ်ရိပ်
တစိတ်တစ၊ ကျသလားကွယ်...
ပွင့်ဖတ်ဖြူဥ၊ ကြင်နာယုယ
ဆံနွယ်စမျှင်၊ နမတင်ပန်
ရင်ခုန်တန္ဒေး၊ ထွေးပွေ့ မွှေးမြ
အချစ်ညနု၊ ယခုပြန်တွေး
ဝေးလဲမွှေးဆဲ၊ ဝေ့ဝဲပျံ့ဆွတ်
ထုံနံ့ဝတ်လွှာ၊ အခါအိပ်မက်
သက်လုံးမပြေ...
အရောင်စဉ်များ၊ ထင်ဟပ်ပေကျ
စီးလျှံစွန်းပြောက်၊ ဦးနှောက်အသိ
မက်မောငြိစွဲ၊ရှိဆဲတွယ်တာ
ခဏယာယီ၊ နှင်းဆီဖူးရွှ
လှုခိုက်ကြိုက်ပြန်၊ အမိုက်အမော
မူးနစ်မြောမေ့၊ သွေးကြောဆူပွက်
လျှပ်ပြက်အချစ်...
ကျွမ်းမြေ့ရစ်ငင်၊ အမျှင်တန်းတန်း
လွမ်းတသသနှင့်၊ သောကဟု မဆိုသော
ဗျာပါဘဲ မဖြစ်တော့။
စဉ်းစားတတ်ခြင်း၊ ကြီးရင့်ခြင်းတွင်
ရင်ခုန်မှုများ၊ ပါးလျားပြယ်ပျက်
တဝက်တစ်၊ ပြန်ယူရစေ
ထို ညတွေ့ခြင်း၊စံပယ်သင်းပျံ့
ချစ်ရနံ့ချို...
အို... အိပ်မက်များ
အလျားဆန့်ရှည်၊ အလည်လာပါ
ဝေဒနာဖြင့်...

လပ်ဟာခြင်းကို ဖြည့်ပါလှည့်။

**ကံ့ကော်အိပ်မက်များ**

၁

စိမ်းရင့်ရွက်ပေါ်၊ နှင်းစက်ထိကျ
လရိပ်ဖိတ်စဉ်၊ ရင်ခုန်ရ၏။
အဓိပတိလမ်း၊ ကံ့ကော်တန်ည
သူမပေးသော၊ ခြေရာ မောနွေး
အိပ်မက်ကို မွေးဖွားစေ၏။

၂

ကံ့ကော်ပွင့်ဝေ၊ ခင့်အဆောင်ဝ
နှင်းဝေ့ကျဆဲ၊ ပို့ဆက်မြဲလေ
ရွှေမှုန်နုပါး၊ သနပ်ခါးနံ့
ကံ့ကော်ဝတ်ဆံ၊ လိမ်းကျံထုံသင်း
ရင်တွင်းဆွတ်ပျံ့၊ ဝေဒနာကို ဆွဲဆန့်၏။

၃

ကျောင်းပိတ်ရက်မှာ၊ စာအုပ်ကြားမှ
ပြားချပ်သွေ့လျော်၊ ကံ့ကော်ပွင့်တွေ
ခင့်ကိုယ်သင်းနံ့၊ ပျံ့နေသလား
ရက်ရှည်လျားထိုင်၊ ခံစားနိုင်သေး၏။

၄

ဝေဒနာရိပ်၊ ရင်ခုန်အိပ်မက်
လက်ကမ်းမျှယူ၊ အတူနေကြ
ဘဝနွေလမ်း၊ ပန်းဈေးဇန်းမှာ
ရေဖျန်းဆွတ်ပက်၊ လက်နှင့်ဆွဲဖွင့်
ကံ့ကော်ပွင့်တု၊ ဖူးငုံနုတို့
နွမ်းလုလေလား၊ နှစ်ဦးသားစိတ်

စိုးရိမ်စိတ်ပူ၊ ခံစားတူသော်
သူမနင့်ကိုယ် ပြုံးမိ၏

**ဟိုဘက်ကမ်း သည်ဘက်ကမ်း**

သုံးဆယ်အကျော်မှာ
ပြုံးတယ်နော် ပြုံးတဲ့သတိ
ကြည့်ယင်ကြည့်တယ်ထား
ကြားယင့် ကြားတယ် ကြားတယ် သိမှတ်ပြီး
ဝိပဿနာပွားသလို
တရားနဲ့လဲ မရှုနိုင်ပြီ။
သူ့အသံ သူ့စကားကို
ကြားယောင်ယင် နားထောင်တုန်းလိုပဲ
ရင်ထဲမှာ ထာဝစဉ်သစ်
လွမ်းဖြစ်ပါတယ်သည်။
ရင်တခုန် မြင့်ရုံအဖြတ်တောင်မှ
လှပ်ပျက်သလို အတွေးစိတ်မှာ
ဆွေးရိပ်တွေ မိုးတိမ်ဖွဲ့လေသလား
ရှာမယ့်ဟန် တပြင်ပြင်ပေါ့
မခင်မကြင် တမင်မတိမ်းပေမယ့်
စိမ်းမှ ဖြစ်မှာမို့
တစိမ်းဘဝ အသစ်နဲ့
စိမ်းရတဲ့အဖြစ် နှစ်တာရှည်
အချစ်ရယ်ကြာပြီပေါ့ ဟိုး... ယခင်အတိတ်။
သူမလွမ်းပြီလား
ပူစတမ်းဆို ကိုယ်သာပူရ
သူကျလေ အဖော်သစ်နဲ့
ပျော်ရစ်ကာ ပြုံးနိုင်ရက်တယ်လို့

မုန်းနိုင်ခက်စွာ သမုဒယအတွေးတွေနဲ့
မေးမပျော်တရေးနော် အိပ်ချင်ခိုက်မှာပဲ
ငိုရှိုက်သံ ဘေးမှာ ကြားလေမှ
သားရေ... အိုအို အေးရယ်လို့
ဆိုတေးသီ ချော့ အသိပ်မှာ
ကျွန်တော့်စိတ်တွေ ဘယ်လိုဖြစ်ပါလိမ့်
သားချစ်ကို ပွေ့ယူနမ်းကာမှ
ချမ်းမြေ့ပျော်အိပ်။

**အိပ်မက်ပြယ်ခြင်း**

ခွဲမည့်ရက်က၊ တွယ်ဖက်ငိုရှိုက်
ဖိုလှိုက်တင်းကျပ်၊ သည်းအူပြတ်မျှ
ဆတ်ဆတ်နာကျင်၊ မွတ်သိပ်ရင်ခုန်
တုန်ယီတုန်ယဲ့၊ ညှိုးလျော်နွဲ့နွမ်း
မျက်ရည်ပန်းခွေ၊ ခံတန်းရှည်ပေါ်
ဩော်... ဖြေအပြေခက်
ဥဩငှက်လို၊ နမငိုသည်။
ကာလမြင့်ရှည်၊ ကြာပါပြီလေ
အနေဝေးကြ၊ ကိုယ့်ဘဝ ကိုယ့်လမ်း
သူ့ဘဝ သူ့လမ်း၊ လှမ်းကြယင်းမှ
သင်းချိုင်းဝဆုံ၊ သူနှင့်ကြုံ၏
လှိုက်တုန်ဆို့တက်၊ ဘေးတဘက်စီ
တွယ်ဖက်တွဲမ၊ ထိန်းခေါ်ရ၏
ပရိဒေဝ၊ ရှားမီးစသည်
နမရင်ထဲ၊ လျှံမြိုက်ရဲလိမ့်
လက်တွဲနေပျော်၊ သူ့အဖော်တွက်
ကမ္ဘာပျက်မျှ၊ နမငိုသည်။

**ပခုံးဦးမှာ မှီချင်ပါတယ်**

(၁)

"ဘာရယ်ဟုတ်ဘူး၊ နှစ်ဦးတွေ့ချင်
ရင်ခွင်မှီစက်၊ လက်ချင်းဆုပ်တိုင်
ထိုင်နေချင်မိ၊ နေကုန်သည့်တိုင်
ကြည့်ယင်းကြည်နူးချင်တာပေါ့"…. လို့
ကျွန်တော့်အထင်၊ ၁၉၇၀ လောက်က ဝင်ခဲ့
ခင်ခင်ရယ်မေ့နဲ့၊ မတွေ့တဲ့ခါဆို
ငိုများတောင် ငိုချင်ရဲ့။

(၂)

" အားငယ်သလား၊ နားလည်ထားနော်…
ယုံစားအားဖြည့်၊ သတ္တိရှိနော်…
နော်.. နော်…နော် ….. နဲ့
အော်ဟစ်အားပေး၊ သွေးမကြောင်နဲ့ အချစ်ရေ"လို့
လေကြားမိုးကြား၊ အားဖြည့်ဖေးကူ
ပူလည်း နှစ်ယောက်၊ အေးနှစ်ယောက်လေ့
ပြေးပေါက်မရှိ၊ တို့ချင်းသိတယ်
၁၉၇၆ …. နှစ်တွေလောက်မှာ…..

(၃)

"မျက်တောင်ဖျားမှာ၊ နှင်းများစိုလျက်
နှုတ်ဆက်စဉ်ခိုက်၊ မတားလိုက်မိတာ
ဘာကြောင့်ပါလဲ၊ ဘာကြောင့်လဲလေ…"
"ဆင်းရဲခြင်းက၊ တံခါးမတွင်
ခြေချဝင်သော်၊ ပျော်ရွှင်တတ်ခြင်း
ပြတင်းဝမှ၊ ခုန်ချပြေးထွက်
မနက်ညစာ၊ ဝမ်းဗလာကို

မေတ္တာနဲ့ဖြည့်၊ ပြည့်ပ့ါမလား
သွားပေ့ါအချစ်ရယ်....
ဘယ်မှာနေနေ၊ တွယ်တာနေဖို့ပါပဲ..."
"ခွဲခွာခြင်းထက်၊ ဆင်းရဲသော အနာ
ဒဏ်ရာမရှိ၊ လွမ်းသိခံစား
ဘာများတတ်နိုင်ဦးမှာလဲကွယ်...."
၁၉၈၀ အထက်၊ အစွန်းထွက်နှစ်များမှာ...

(၄)
"ဘာရယ်ဟုတ်ဘူး၊ ပခုံးဦးမှာ
နဖူးဖြင့်သာ၊ မှီပါရစေ...
ဝေဒနာနဲ့ရေး၊ မောင်ပန်းမွှေးရေ...
တက္ကသိုလ်မှာ ဝေတဲ့နှင်း၊ လွမ်းချင်းတပုဒ်နဲ့၏
သစ်ပုပ်ပင်ခုံပြာတန်း၊ အဓိပတိလမ်း ဦးချစ်ဆိုင်
ထိုင်ခဲ့စားခဲ့၊ နားခဲ့နေခဲ့
နမ်းခဲ့လွမ်းခဲ့၊ ချစ်ခဲ့ကြတာတွေ
ဟိုး... အဝေးမှာလေ၊ အဝေးမှာ ကျန်နေခဲ့ပေ့ါ
လွမ်းတော့ အလွမ်းသား...
(၅)
နွေမှာရေရှာ...
ဖြေသာဖို့ ထီထိုး...
သုံးရာသီ ကကြိုးမှာ
တမျိုးတည်း ပတ်ကြမ်းတိုက်
စက်ရုပ်လို စရိုက်နဲ့မို့
မိုက်မိုက်ကန်းကန်း
လွမ်းချင်လို့မှ လွမ်းမရ
ဘဝဆိုတာ...
ဒါပါပဲကွယ်တဲ့...
ဘယ်ပညာရှိက ပြောပြော
လောကရဲ့ လူစရိုက်

သောကနဲ့ အပူတိုက်ကို
ဘယ်သူက ကြိုက်ပါ့မလဲလေ။
(၆)
လွတ်လပ်ချမ်းမြေ့စွာခံစား၊ အမုန်တရားရဲ့ ပခုံးဦးမှာ
နဖူးဖြင့်သာ၊ မှီလိုပါချင်၊ မှီချင်ပြီကွယ်။ ။

**ခြားခံ**
အချစ်ရေ.. အချစ်ရဲ့လို့
ဖွဲ့နွဲ့တမ်းချင်း၊ လွမ်းယင်းငိုမော
သောကနိပ်စက်၊ အိပ်မက်တဲ့ညက
သိပ်သတိရတယ်...။
တွယ်တာနေဖို့ပါပဲ...
မခွဲခင်ည၊ ဖွဖွတွတ်ထိုး
မိုးအလင်းထိုင်၊ လည်တိုင်နှုတ်ခမ်း
နမ်းပါဦးလား၊ မျက်တောင်ဖျားမှာ
နှင်းများစိုလျက်၊ နှုတ်ဆက်စဉ်ခိုက်
မတားလိုက်မိတာ
ဘာကြောင့်ပါလဲ၊ ဝေခွဲမရ....။
ဝေးကွာခြင်းထက်၊ ဆင်းရဲသောအနာ
ဒဏ်ရာမရှိ၊ လွမ်းသိခံစား
နာရီများစွာ...
ရာသီများစွာ..
မိုးရွာနေပူ၊ နှင်းထူဝဲဝေ့
နေ့ညနေ့ည၊ ကာလရွက်ဟောင်း
ပြောင်းကြွေရွက်သစ်၊ ဖြစ်တည်ပျက်ပြီး
အသက်ကြီးလာပြီလေ...

ဘဝခရီး…
ရင်းနီးကျွမ်းဝင်၊ ချစ်ခင်တို့လှယ်
နေပျော်တယ်ဆို၊ သုံးဆယ်အသက်
အခြေပျက်ဆဲ၊ ခွဲခွာဝမ်းနည်း
နာကျည်းသည်းထန်၊ အထီးကျန်တုန်း
သည်လိုနဲ့ပဲ ဆုံးမှာလား။ ။
မေရယ်…။
ဘယ်အရာက၊ ငါတို့ကိုခွဲ
နေသလဲကွယ်…၊ မေလဲအသိ
ပန်းနှင့်ညှိလျှင်၊ ရာသီမြင်လိမ့်
ရင်ခုန်ခဲ့သော၊ ကံ့ကော်တောည
ပြင်ပမှာ မရှိတော့သလားကွယ်…။

**ယာယီပိတောက်**

တယောက်တလမ်း
လျှောက်လှမ်း မထွက်ခဲ့ပေမယ့်
ပိတောက်ပန်း လက်ဆောင်လဲ မပေးနိုင်။
အပူမြိုက်တဲ့ လမ်းမှာ
သူကြိုက်တဲ့ပန်း သူပန်နိုင်ပါ့မလား။
ဘဝဆိုတာ ပန်းပိတောက်လို
လမ်းတလျှောက်မှာ သင်းနိုင်ပါ့မလား
စကားဆို မမေးရက်ပေမယ့်
အတွေးခက်လို့ ယနေ့တိုင်။
အဓိပတိလမ်းမှာ လျှောက်စဉ်က
ပိတောက်မြင်ယင် တသက်မမေ့ပြီဘူးတဲ့
လက်တွေ့မှာ အဖြေညှိကြတော့
ပဟေဠိတွေ အတူမရှင်းနိုင်ခဲ့

ထမင်းဆိုင်မှာ ထမင်းရတယ်ဆိုတဲ့ အသိ
ရုပ်ရှင်ကြည့်ယင် နောက်ဆုံးထောင့်က ခုံတန်း
လက်ရန်းကလေး ခြားတာတောင်
ကြားထဲမှာ မြင်းမိုရ်တောင် ရှိသလို
မချိအောင် အနေခက်တယ်ကွယ့်...လို့
ရွှေလက်ကို ကိုင်ကာ ပြောခဲ့ဖူးတဲ့ စကားတွေလဲ
သူ့နားထဲ မချိုမြိန်နိုင်
ပိုင်ဆိုင်ခဲ့ကြပြီးတဲ့နောက်။
တနှစ်ကူးပြီမို့
ချစ်ဦးရေ.. မင်္ဂလာမနက်ပါကွယ်ရယ်လို့
ကျောင်းတက်ကာ ဘုရားပို့ရမလား
ဟို.. က တံတားမှာ အယင်ပုံကလို
ရင်ခုန်စရာ အတူလျှောက်ဦးမလားလို့
စကားဆို ဘယ်သူ စနိုင်သလဲ
ဒီလ ဘယ်လိုကန်ရပ့်
ဘယ်လိုပုံ ဘယ်လိုဖြည့်ကြမလဲ
ရင်ထဲမှာ အတွေးကိုယ်စီမို့
ဝါရွှေရည် ပိတောက်မနက်မှာလဲ (လည်း)
တယောက်မျက်နှာ တယောက်ကြည့်ကြ
မကြည်နူးဖြစ်ပါဘု
ဦးချစ်ဆိုင် တက္ကသိုလ်ကအရိပ်ဟာလဲ (လည်း)
တဘက်ဟို အတိတ်မှာ အိပ်မက်လိုနေပြီမို့
နွေအမီ ရွှေရည်ပိတောက်ကိုလဲ
နေခြည်မှာ ကြွေပြီဆို ခြောက်မှာမို့
ခဏလှမ်းလျှောက်ကာ
အလုပနီး မကောက်သာတဲ့
သြော်.. ဘဝဇန်းထဲမှာ ရှိတဲ့ လူနှစ်ယောက်။

**နှံ့**

မေ့မှာစိုးတယ်....
ဘယ်တော့ဖြစ်ဖြစ်၊ လွမ်းသစ်ထပ်ထပ်
တမ်းတတတ်လျှင်၊ ရန်ခုန်မွတ်သိပ်
အိပ်မက်မှာလဲ၊ တွယ်တာဆဲလေ....
ရင်ထဲနင့်အောင် ချစ်ခဲ့သည်။....
ကံကိုယိုး၍၊ ကြိုးစားဖြေလျော့
လွမ်းရုံပေ့ါကွယ်၊ နွယ်ချစ်နုနွဲ့
ပူပန်ထဲ့နွမ်း၊ ကိုယ့်ကြောင့်ကျွမ်းလိမ့်
ခြေလှမ်းရွံ့ဆုတ်၊ ငုတ်တုတ်ငိုက်မျည်း
အိပ်မက်ချည်းပင်၊ အနီးကလေး
ဝေးကြီးဝေးလဲ၊ ငှက်တေးစမ်းမြေ
လရောင်မှုင်တန်း၊ ပန်းတွေထဲမှာ
ဝေ့ဝဲသူရှိ၊ ခံစားကြည့်တတ်
သတိတရ၊ အောက်မေ့မှတော့
ကာလ ဘယ်လောက်ကြာချင်ကြာ....
မျှော်လင့်ခြင်းသည်....
ဆင်းရဲဝေဒနာ၊ ဘာသာညှဉ်းဆဲ
စွဲလမ်းမူးယစ်၊ အိပ်မက်ဖြစ်၏
သိလျက်နစ်ကျွံ၊ နှံ့မှာပျော်ဆဲ
ဝမ်းနည်းမိလျက်၊ ပြုံပြင်ခက်စွ
ဘဝနှစ်ခု၊ သိပ်သည်းထုခြား
သူ့လမ်းကိုယ့်တာ်၊ ကွာကြီးကွာလှမ်း
လွမ်းရုံကျွမ်းရုံ၊ ရင်တခုန်၌
မဆုံသာလဲ၊ တွေ့ချင်သည်။

**မမေ့တတ်ချင်**

ပူနွေးရှိန်းမြ၊ ပန်းနုလရောင်
ရှုတခံစား မှန်တံခါးဖြတ်
အိပ်ရာလပ်ပေါ်၊ ဩော်.. သူမရှိပြီ
ထင်နေဆဲကွယ်.....
ကြေကွဲသောက၊ ဖန်မှန်စနယ်
ဖယ်ခက်စူးနစ်၊ တင်းကျပ်ရစ်ချည်
ဝမ်းနည်းသည်ဆို၊ မငိုရပဲ
မျက်ရည်ရွဲလျှင်၊ ရင်ထဲဆို့နစ်ခံစား၏။
ဖက်တွယ်လက်ပြေ၊ နမဝေငှ
သောကတရား၊ မွကြေဖိတ်စဉ်
ပျော်ရိပ်ပျော်ယောင်၊ စိတ်ကူးတောင်ပြို
ပူလောင်ကျွမ်းမြေ့၊ လွမ်း၍တမ်းတ
ပန်းလျဆွတ်ကျင်၊ ခံစားရင်ခုန်
သခင်သွားရာ၊ ကိုယ်မပါ၍
လက်ဟာအထီးကျန်ခဲ့၏။
ရင်ခုန်ခြင်းသည်၊ ဆင်းရဲစရာ
ဘာသာဖြေသိ၊ နေမချိသူ
နှလုံးပူနွေး၊ သွေးကြောလှည့်ပတ်
မတန့်ရပ်မိ၊ မေ့တတ်ခြင်းကို
မလိုအားသေး၊ မီးနီစွေးမှာ
ပြေးဖြတ်ဝင်တိုး၊ ပိုးဖလံလို
သံသရာ၌၊ ငါပျော်ပိုက်သည်
မိုက်မဲစွာပင် ချစ်တတ်တကား။

**ရာသီပန်း**

သူ့မျက်နှာကို၊ ကဗျာလိုဖက်
ရင်ခုန်တတ်စွာ၊ ကာလတာရှည်
လွန်လေပြီလား...။
စကားချိုမြ၊ မဝသေရည်
မူးအီစွဲယစ်၊ ချမ်းမြတ်နိုးစွာ
ကာလတာရှည်....
လွန်လေပြီလား....။
သင်းပျံ့တမ်းမက်၊ စွဲလမ်းကြီးစွာ
ဆံစဖွာနှ၊ ချွေးစဥစို
သူမကိုယ်နှံ့၊ နှစ်လိုတိမ်းမူး
ကြည်နူးတတ်စွာ၊ ကာလတာရှည်
လွန်လေပြီလား...။
ဘဝပြတင်း၊ ဟင်းလင်းပွင့်ချိန်
မှုန်မှေးမှိန်ဝါး၊ စကားခွန်းစ
မဟာဖင့်လေး၊ နှုတ်နေးစိုးရွံ့
ပြောအံ့မူးမူး၊ ကြည်နူးရက်မဲ့
ဆိုချင်ခက်ခဲ၊ ရက်ဆက်တင်းမာ
ကြာခဲ့ပြီပဲ၊ မခွဲရဲကြ
ရှန်းကန်ကြယင်း၊ မာနမဲ့စွာ
နားလည်ပါသည်....။

**ထာဝရ**

အိပ်မက်စမ်းချောင်း
ဖြတ်သန်းစီးဆဲ၊ စူးရဲဖြာကျ
ဘဝနေပူ၊ စုပ်ယူခန်းခြောက်
စမ်းရေပျောက်၏။
ဆုံဆည်းမှုပန်းငုံ
ထုံမည်ပွင့်ဆဲ၊ မုန်တိုင်းထဲမှာ
အလှာလေကြမ်း၊ ဝေ့ယမ်းခြွေချ
ပန်းကြွေကျ၏။
သမုဒယ အမြစ်
သူ့မှသူ့ဆိုတဲ့ ' အချစ်'
နှစ်လကြာရှည်၊ ရာသီများစွာ
ဘယ်သူမှ လာမနုတ်
အလွမ်းသမုဒ္ဒရာလဲ
စမ်းမဟုတ်ပါပဲ
အစဉ်အမြဲနေ၊ သခင်ခွဲပေမယ့်
ရင်ထဲထာဝရရှိနေသည်။

**နှင်းနှင့်ဥသြ**

နေကိုကြောက်၍
ပျောက်ကွယ် ကြွေဆင်း၊ ငွေနှင်းပွင့်ဝယ်
တွယ်ငြိဝေဝဲ၊ မနေရဲလို့
နွေထဲမပျော်၊ သွေလွဲတော်မူ
အပူသည်လို…
သူတကယ်ငို၏။
နှုတ်အပြောချို၊ ဥသြပျိုရယ်
တကယ်လွမ်းလို့၊ တမ်းဆို့ရည်ရော်
နှင်းရေ.. ခေါ်သလား…
ရာသီခြားလို့၊ မကြားတဲ့နှင်း….
ပူလောင်ခြင်းကို၊ မကြိုနိုင်တဲ့နှင်း…
ခရီးပြင်းမှာ၊ ညည်းယင်းကျန်ခဲ့
သတ္တိမဲ့နှင်း၊ စိမ်းလေခြင်းလို့
ဆိုယင်း သီပြော….
သြော်… ငိုချင်းရှည်သလော။

**နားလည်ပါ**
ငါ့ရာသီမှာ...
ပြာရီသစ်ခွ၊ လှသောသဇင်
ဆံမျှင်ဆံမြိတ်၊ တွယ်ချိတ်ပန်သ
နှမဆင်စေ၊ ပျော်ပါးလေဟု
မှုန်ဝေနှင်းလောင်း
ဆောင်းပန်းများမပွင့်...
ငါ့ရာသီမှာ....
အသံသာငှက်၊ တေးမြွက်မသီ
ကြည်နူးချိမြ၊ နှမပျော်စေ
နွေဦးပေါက်လို
ပိတောက် သရဖီ မလှိုင်....
ငါ့ရာသီမှာ....
အီကွေတာမျဉ်း၊ နီးလွန်းခြင်းဖြင့်
နေ့ခင်းပူစွ၊ ညဘက်မိုးသည်း
ငြီးငွေ့စွတ်စို၊ ရာသီအိုရိုင်း
ချုံဝိုင်းနွယ်ရစ်
' အမြဲစိမ်းသစ်တော' များ....

**လမ်းလျှောက်ထွက်သူနှစ်ဦး**
ဝိုးတဝါးမှာ ၊နှင်းကြားဆုံခိုက်
ရင်တလိုက်ခုန်၊ ယုံရမှာလား
ဘဝနေပူ၊ ခင့်လိုလူမျိုး
လျှောက်ဝံ့ရိုးလား၊ နောင်ကြိုးလျှော့ဖြေ
လမ်းခွဲလေမည်၊ စိုးရိမ်သည်ခိုက်....
မေတ္တာအိပ်မက်၊ မျှော်လင့်ချက်စုံ
နှင်းစက်မှုန်ဝေ့၊ တွေ့ဆဲ ပွေ့ဆဲ
မုန်းမေ့ရဲခြင်း၊ ရင်တွင်းမရှိ
သည့်အခိုက်တွင်၊ နေရောင်မြင်၍
နှင်းစင်မွှကွဲ ၊အပူထဲမှာ
စူးရဲရှတ၊ ကားလှလှသည်
ဘဝနှစ်ခု ဝေးစေ၏။
တွေ့ဆုံခြင်းများ၊ အလျားတိုစွ
မချိုမြသော၊ အနမ်းမောနွေး
ပြယ်လျောပြေးပျက်၊ ခင့်မျက်နှာန
နှင်းနွေးဥစီ၊ ဒီဇဘ်ာ၌....

**ဝိရောဓိ**

စက်တို့သည်
နာရီမပြတ်၊ လည်ပတ်ကြစမ်း
မသိကောင်းတတ်၊ ရုပ်ဒြပ်သာ ဖြစ်ချေသည်။
လူတို့သည်
နာရီရက်ဆက်၊ စက်တို့အကြား
လှုပ်ရှားလှည့်ပတ်၊ တတ်ကျွမ်းချုပ်ကိုင်
ထိန်းသိမ်းနိုင်သူ....
သို့တိုင်လျက်...
စက်တို့ကြားမှာ၊ အနေကြာ၍
ဘာပဲလုပ်လုပ်၊ စက်ရုပ်တွေလို
မငိုရီတတ်၊ သံပတ်ပေးမှ
လှုပ်ရှားရပြီ၊ ခံစားထိတွေ့
လူ့ဓလေ့၏၊ မွေ့ခြင်းပျော်ခြင်း
ချစ်ခြင်းမုန်းခြင်း၊ လုံးလုံးကင်းကာ
သဘာဝတ္တာ၊ အလှပကို
လုံးဝမေ့ပျောက်၊ ဦးနှောက်သာသုံး
နလုံးသားမဲ့၊ ဖြစ်နေခဲ့မူ၊ လူသည်စက်၏ ဩဇာခံ...။

**ရောဂါ**

အချစ်ရောဂါ

ရင်မှာခံဖူး၊ ရှူးလဲ ရှူးခဲ့

ငိုမဲ့ခံခက်၊ သက်ပြင်းချကာ

ကုရာနတ္ထိ၊ ဆေးမရှိမင့်

အရွယ်ရင့်သော်၊ ပျောက်လွင့်သက်သာခဲ့ပါသည်။

ညပေါင်းများစွာ၊ နာကျင်စစ်စစ်

ဆစ်ပလစ်ပိုး၊ ရောဂါမျိုးလဲ

ထိုးဆေးစားဆေး၊ ကာကွယ်ပေး၍

ဈေးတည့်အောင်ခေါ်၊ ပျော်သလောက်တွဲ

ညငရဲမှာ၊ ဝဲလှည့်နေနိုင်စွမ်းပါ၏။

မွေးကတည်းက၊ ဆင်းရဲချုချာ

ရှာသော်မရ၊ မမှုမတ

မဝပြတ်လတ်၊ အငတ်ရောဂါ

နာတာရှည်လေ....

မသေမချင်းခံရမည်....။

**အန္တသို့မဟုတ်**

သတ္တိရှိစွ၊ ငါကွအော်ဟစ်
သစ်ပင်ပေါ် တက်၊ ပျားသလက်ကို
ဓားထက်ထက်နှင့် ခုတ်ပိုင်းသည်။
ပျားရည်ရမှု၊ တခုသာသိ
ပျား၏အန္တရာယ်၊ မကာကွယ်တတ်
ဘယ်လိုဘယ်ပုံ၊ ပျားအုံဖွပ်မည်
မကြံစည်ပဲ၊ မိုက်ရူးရဲစွ
အို.... အန္တ။
ဆွရုံပွရုံ၊ ပျားအုံပျောက်
ကိုယ်လက်မျက်နှာ၊ ပျားတုပတ်ရာတွေ
အသချေနှင့်
မြေပေါ် လိမ့်ကျသေသတည်း....။

**ရာစုသစ်မှာ**

လျှပ်စစ်မီးကြောင့်
သိပ်သည်းမှောင်ကျ၊ ညဟူသည် မရှိ။
လေအေးစက်ကြောင့်
ချွေးထွက်အိုက်နေ၊ နွေဟူသည် မရှိ။
ကွန်ပြူတာကြောင့်
သက်သာပြီးမြောက်၊ ဦးနှောက်ဟူသည် မရှိ။
ညမရှိ၍
လပြည့်မျှင်တန်း၊ ဒန်းစီးသွယ်ချိတ်
စိတ်မကူးသာ။
နွေ မရှိ၍
ကြွေသည့်ရွက်ဝါ၊ သာသည့်ဥသြ
နောသည့်လေပြည်၊ မြင်မနေရ
အလှဗလာ....
ဦးနှောက်မဲ့၍
လူရဲ့စွမ်းစ၊ သုံးမချသာ....
သည်လိုသာဆို
ရာစုအသစ်၊ နောက်တခေတ်မှာ
လူဖြစ်လာအုံး၊ နလုံးသားမှ
ခံစားမှုစျာန်၊ ခြေရာခံခက်
စက်ဖြင့်ပြီးမြောက်၊ ဦးနှောက်မလို
ထို အနာဂတ်၊ တပ်မက်မနေ
ရှင်လျက်သေ...။

**အခွံ**

မေဂျီ လူရည်ချွန်
နို့ဆီခွံဟောင်း၊ ဈေးယင် ဝယ်တယ်
လမ်းသွယ် လမ်းကြား၊ လှည့်လည်သွားလာ
နွမ်းရိစွာလျှင်
ဖခင်အိမ်ပြန်ရောက်သည့်ခိုက်....
အာဟာရချို့၊ မအေ့နို့လည်း
စို့တိုင်းမထွက်၊ နို့မျက်သားငယ်
တခါလည်သည်၊ လူရည်ချွန်ဗူးဟောင်သ်း
တောင်းထဲမှာဆွဲ၊ လက်ထဲပိုက်ပွေ့
မြူးပျော်၍နေ၊ မြင်ရလေသော်...
မေဂျီ လူရည်ချွန်၊ အခွံတွေကြည့်
သားကိုကြည့်နှင့်၊ မရှိမမျှ
ဘဝအခွံ
ဒုက္ခနွံမှ
သောကပွေ့ပိုက်၊ ခံစားလိုက်မိ
ရင်၌ "အခွံ" ဟောင်းလောင်းဖြစ်....။

**ပင်လယ်ခရီးသည်**

မျက်နှာများစွာ၊ ရှေ့မှာနောက်မှာ
ကာဆီးဟန့်တား၊ ထိန်းထားကိုင်ချုပ်
မလှုပ်မရဲ၊ အားအင်နည်းချို
သတ္တိတရား၊ ဖွဲ့ခြွေသွားယင်း
လုံးပါးခွတ်ခြုံ၊ လေ့ကြုံစီးလိုက်
ဒိုက်သရောလို
အကြိုက်ပြောဆို...
ယုံကြည်မှုတရား၊ ရှားပါးလွင့်စဉ်
အမြင်မရှိ၊ သိလျက်မသိ
ဘာသာလှည့်စား၊ မိုးခါးရေသောက်
နောက်လိုက်ကောင်းယောင်
ထောင်သောင်းကုဋေ
အရောင်ပြောင်းနေ...
မျက်နှာပြုံးရွှင်၊ ရင်ထဲကောက်ကျစ်
ညစ်ပတ်တွန်းလိုမ့်၊ နိမ့်လျှင်ဖိနင်း
ခြသေ့်မင်းယောင်၊ မြေခွေးဟောင်သံ
ဟန်နှင့်မလိုက်
မာန်နှင့်စရိုက်တွေ
အမှန်တရား၊ မှန်ပြဒါးပျက်
ခံစားချက်ဗလာ
သစ္စာအတု၊ အနှစ်မပါစုသော
လောကပင်လယ်၊ ရေပြင်ကျယ်၌
လေ့ငယ်ရေးရေး၊ ပြေးမျောလွင့်ခိုက်
လှိုင်းလုံးရိုက်ဖုံး၊ စုန်းစုန်းနစ်မလား
စိတ်ချောက်ချားစဉ်၊ မားမတ်တန့်တည်
ပင်လယ်ဆီသို့၊ ဝေ့လည်သွန်းလောင်း
မီးမောင်းဖြာကျ၊ မီးပြတတိုက်
မငိုက်မစောင်း၊ ဦးခေါင်းမော့ထောင်

ကျောက်ဆောင်တခု၊ သတိပြုမြင်
ရင်မှာအားပြည့်၊ နေပျော်၏ထင်
အသိဝင်ကာ၊ ပင်လယ်ခရီး ဆက်ရဲ၏။

**ရုပ်မြင်သံကြား**

(၁)
အစဉ်အလာ မပျက်
မင်္ဂလာမနက်လို့
နှုတ်ဆက်လိုက်ပါတယ်။
(၂)
မိုးရွာတော့မယ် ဆရာ
အိမ်အမိုးဖာဖို့အတွက်
ခွင့်သုံးရက်လောက်ပေးပါ။
(၃)
အငယ်ကောင်က နေမကောင်း
ကျောင်းတွေက ဖွင့်တော့မှာ
ငွေရှာဖို့အတွက်
လုပ်သက်ခွင့် ယူမယ်ဆရာ။

(၄)
ဘုရားပွဲ ကဇာတ်မှာ
ရဟာတ်လှည့်လို့ အိပ်ပျက်
ခွင့်နေ့ဝက် တင်ပါရစေ။
(၅)
ပေးသမျှ ကုန်ခြောက်
ကောက်သူကို ဈေးလျှော့သွင်း
လက်ငင်းငွေရပေမယ့်

လခထုတ်ရက်
သက်သာကအကြွေးဖြတ်တော့
ငွေနှစ်ကျပ်ပဲ ကျန်တယ် ဆရာ...။
(၆)
နောက်တနေ့မှာ
အစဉ်အလာမပျက်
မင်္ဂလာမနက်လို့
နှုတ်ဆက်ရပါဦးမယ်။

**အလုပ်စားပွဲက စကား**
တီဘီရောဂါတဲ့
သက်သောငြိမ်းအေး
မှေးစက်နေနား၊ အားရှိတဲ့ အစာ
အာဟာရအတွက်
ကြက်ဥ အသား၊ နွားနို့သောက်ပါ
ဆေးစားပါ
ဆရာဝန်က မှာ၏။
မနက်ကစ၊ ညရှစ်နာရီ
ရေတိုင်ကီတွေ
ဂဟေဆော် ဂဟေဆက်
မြန်မြန်ထွက်မှ၊ ပုတ်ပြတ်ခထုတ်
အလုပ်ဖြစ်မယ်၊ တစ်ဆယ်နှစ်ကျပ်
အတိုးအရင်းပါ ဆပ်နိုင်ရေး
စိုးရိမ်တွေးပူ
ဆေးခွင့်ယူလို့လဲ မဖြစ်....
ကလေးငါးယောက်

ပါးစပ်ပေါက်တွေ၊ မလောက်မစို
ခန္ဓာကိုယ်မြဲရုံ၊ အဝတ်လုံဖို့အရေး
အပြေးအလွှား၊ မနားမရပ်
တရစပ်အလုပ်ဆင်းမှ၊ ထမင်းက နပ်မှန်ရုံ...
နစ်ရှည်စွာ
ဖြစ်တည်လာတဲ့
ဒုက္ခဖွဲ့စည်း၊ အကျပ်အတည်း
မပြေမလျော့တော့
တောအရက်ကလေး မော့ယင်း
နေ့ပြန်တိုး အကြွေးယူယင်းနဲ့
ကြာတော့... ခလုတ်ကန်သင်းလို့လဲ မတွက်
အလုပ်ဆင်းဖို့လဲ မပျက်
ဂလေဆော်ယင်း ထွက်တဲ့
ဂက်စ်တွေ မှန်မှန်ရှူ
နာလန်မထူအောင် အိပ်ရာထဲလဲလိုပ မဖြစ်
တနစ်...
တနစ်....နဲ့.....
ထစ်ကနဲရှိ ချောင်းဆိုးသွေးပါ
နောက်ဆုံးခါ အသက်မပျောက်ခင်
(ဆရာရယ်...) တရက်လောက်တော့
ခွင့်ယူပါရစေ။

**စာချုပ်မှောက်ဝိုင်း**

သူ့အောက် ကိုယ့်အောက်
တချုပ်မှောက်နေ၊ ဟောက်ကြချောက်ကြ
ကျောက်ကြကန်ကြ၊ ဟန်ပြကြံဆ
စဉ်းစားရခက်၊ တွက်ချက်မှန်းကြည့်
မသိအောက်ဖဲ၊ ဘာတွေလဲလေ
ဘယ်လိုခြေလှမ်း၊ အကဲစမ်းနေ
အခန်းထဲက တချုပ်မှောက်ဝိုင်း
သွားကြလာကြ
လှုပ်ရှားကြနှင့်၊ ပြုံးပြရယ်ပြ
နှုတ်အာစနှင့်၊ ဟန်ပြမျက်နှာ
လူများစွာလေ...
တယောက်ခြေလှမ်း၊ တယောက်ဖမ်းခက်
တကွက်ချန်ထား၊ မှောက်ဖဲများနှင့်
အမှားစောင့်ကြ၊ ကောက်ကျစ်ကြယင်း
လောကထဲက တချုပ်မှောက်ဝိုင်း။

**မိုက်မဲသောဥယျာဉ်မှူး**

ပန်းများပွင့်စေ...
ထုံပျံ့ဝေရန်၊ မြေတူးမြေဆွ
မျိုးစေ့ချ၏
ငါ့ဥယျာဉ်တွင်း၊ ပန်းတို့သင်းအံ့။
သစ်ရိပ်ဆိုင်းစေ...
စိမ်းလန်းဝေရန်၊ မြေတူး မြေဆွ
စိုက်ပျိုးရ၏.....
ငါ့ဥယျာဉ်ဝိုင်း၊ ပင်ရိပ်ဆိုင်းအံ့။
ပန်းတို့ဝေရန်၊ စေတနာပြည့်
ရှိသာရှိ...
မည်သည့်ပန်းမျိုး၊ မည်သို့ပျိုး၏
ငါမသိ
သစ်ရိပ်ရရန်၊ ဆန္ဒစိတ်ပြည့်
ရှိသာရှိ...
မည်သည့်ချိန်၌၊ မည်သည့်စိုက်၏
ငါမသိ။
သဇင်ပန်းမျိုး၊ မြေမှာပျိုးချ
နွေလယ်လ၌၊ သစ်ပင်စိုက်ယင်း
နှစ်မြုံက်ကျေနပ်၊ အနာဂတ်တွင်
ငါ့ဥယျာဉ်မှာ...
ငါ့ဥယျာဉ်မှာ...

**ကန်တော်ကြီး၏ မနက်ခင်း**
ကန်တော်ကြီးသည်...
ဒီဇင်ဘာ၏၊ နှင်းမှုန်ပြည့်သိပ်
ဆောင်းညရိပ်မှ၊ နိုးထစ
ကနေဒီမှ၊ ဝေရီနှင်းကြား
ဝိုးတဝါးလေ၊ ခန့်ညားဟန်ဟိတ်
ကရဝိတ်ခန်းမ၊ မှုန်ပျပျလေး မြင်ရစဉ်...
ကန်တော်ကြီးစောင်း၊ ရွှေရည်လောင်းစိမ်
တိုက်ဝါအိမ်တို့၊ ငြိမ်သက်တိတ်ဆိတ်
အိပ်မောကျဆဲ....
ညအမှောင်ကြား၊ ငါးခိုးမျှားသူ
နှင်းများရွဲစို၊ ကိုယ်လုံးဆတ်တုန်
ပုဆိုးခြုံလျက်၊ အိမ်ဘက်အပြန်....
ရွှေတိဂုံဆီ၊ ကြည့်လိုက်သည်တွင်
မပီမသ၊ မှုန်ကျဝဲဝေ့
ရေ့မှဆီးတား၊ နှင်းထုကြားမှာ
ဘုရားကွယ်ပျောက်နေပါ၏။

**ဒီဇင်ဘာမီးတောင်**

သစ်ရွက်များပေါ်၊ နှင်းများပျော်ကြ
စူးရှအေးမြ၊ ခိုက်တုန်လှုပြီ
ဒီဇင်ဘာ...
မျှော်လင့်ခြင်းများ၊ ရှည်လျားလွန်းပြီ
ဒီဇင်ဘာတွေ၊ ရေတွက်လွန်မြောက်
နောက်နှစ် နောက်နှစ်၊ သစ်ပြီး ဟောင်းပြန်
ကာလသံသရာ၊ ဝင်္ကပါခရီး
ညည်းညူယင်း ငါနှုတ်ဆက်၏။
နှစ်အိုဆွေးများ၊ မြှုပ်နှံထားရာ
ဒီဇင်ဘာ၌၊ ကာလရှည်မျော
အမောတခု၊ သောက ထုဖြစ်
ကျန်ရစ်မနေ၊ မရေမရာ
ဝေဒနာလို၊ ခိုကပ်တွယ်ငြိ
ညှော့သည်မဟုတ်တော့။
ဒီဇင်ဘာသည်....
သစ္စာတရား၊ နှင်းစက်များကို
ဖြန့်ထားပေးဝေ၊ သယ်လာစေချင်
အပြင်ဘက်မှာ၊ သစ်ရွက်များပေါ်
နှင်းများပျော်ကျ၊ စူးရှများပေါ်
ငါ့ရင်ထဲမှာ...
ပေါက်ကွဲလုလု မီးတောင်ဟောင်း။ ။

**ဘဝသစ်တပင်**

တရွက်ကြွေ
မျက်ရည်ကျ
မာနပုရစ်၊ ရွက်နုသစ်ဝေ။
တပွင့်ပျက်
ပင့်သက်ချ
တက်ကြွခြင်းမာန်၊ ဖူးငုံကျန်နေ။
တပင်ညှိုး
ရင်ကျိုးရစ်
သစ္စာမျိုးစေ့၊ သတ်၍မသေ
ရွက်ခြောက်ပွင့်ကြွေ
ညှိုးသေပင်ဟောင်း၊ မြင်မကောင်းမင့်
ခေါင်းထောင်ပုရစ်၊ ဖူးငုံသစ်တွေ
လှစ်ပြုံစို့ညှောက်၊ အပင်ပေါက်တွေ
ဝေဆဲဝေမြဲ၊ အနေရဲလျှင်
ရင်ထဲဖြေသိမ့် ကျေနပ်၏။

**နှစ်သစ်၌ ပြန်လည်မွေးဖွားခြင်း**

'ကာလ' သစ်ပင်ထက်
'ပြက္ခဒိန်' သစ်ရွက်တွေ
လေလိုက်ကြွေလိုက်၊ ရာသီကိုက်ပင်။
သစ်လွင်မှုများ၊ ဝါးမျိုဖျက်ဆီး
စီးဆင်းလျက်နေ၊ 'အချိန်' ရေသည်
ခွေဆင်းရစ်ပတ်၊ ငါ့ကိုဖြတ်၏။
တွေဝေခြင်းဖြင့်၊ ဆင်းရဲတုန်လှုပ်
'အတ္တ' သမုဒ္ဒရာ၊ ငါသည်မြုပ်နစ်
ရှုံ့နွံညစ်ပေ၊ လူဖြစ်ကျိုးနပ်မည်မဟုတ်။
သည်သို့ဖြင့်သာ

ကာလကြာပြီ၊ ဆည်းဆာသို့ဝင်
မပြန်ချင်သေး၊ မွေးဖွားခြင်းစ
ခြေလှမ်းချကာ၊ ဘဝပျို့မျစ်
ငါ့အဖြစ်... နှစ်သစ်နှင့်အတူ စချင်၏။

**နွေနှောင်းအိမ်၌**
ပန်းစွန်မှမ်းလျ၊ တမ်းတမွတ်သိပ်
လရိပ်အေးမြ၊ ညမွှေးပန်းနံ့
လေညင်းညှံ့အေး၊ ရင်ခုန်နွေးတတ်
ခံစားတတ်ခြင်း၊ လပ်ဟာကင်းပျောက်
နှင်းမသောက်လေ၊ ပျင်းခြောက်စေသော
ကာလမျောရှည်
သြော်... ကြာစွအမောနွေ။
တင်းကျပ်နှောင်တုပ်၊ လှုပ်ရှားမရ
ညများနေ့များ၊ ရွှေ့လျားနေးစွ
ကြမ်းရှတသော၊ ကာလမျောရှည်
သြော်... အမောနွေ။
နွေရယ်...
သေဖွယ်ခြောက်လှန့်၊ ပျံ့ကြဲနှံ့ပူ
ဗလောင်ဆူဝေ၊ ခံစားစေလဲ
နွေပိတောက်နံ့၊ ထုံမွှမ်းပျံ့သက်
ငြိတွယ်မက်ဆဲ၊ ပွေ့ဖက်နေပျော်
မျှော်လင့်ခိုးဝေ၊ ကျေနပ်ဖြေသိပ်
မိန်းမောအိပ်မက်
အဆိပ်တက်သူ..
လူ..
နွေပူမှာလဲ ပျော်တတ်၏။

**လမ်းခွဲခြင်း**

ပုဂံလမ်းမှ၊ ပန်းများပွင့်စ
ညနေတခု၊ စိမ်းနုမြန
ရင့်လုလုလို၊ စွဲလမ်းပျိုမျစ်
သစ်ရိပ်ပင်တန်း၊ ချမ်းမြရွှင်မြ
သူမနှင့်အတူ…
ဖြူနုသွယ်ညက်၊ လက်ချင်းဆက်ရုံ
ရင်ခုန်ရသော၊ အကြည့်အမောတွေ
သွယ်လျောစီးဖိတ်၊ အချစ်ရိပ်တွေ
စိတ်ချင်းစိတ်ချင်း၊ နားလည်ယင်းပင်…
ပုဂံလမ်းကား အလျားမရှည်
သည်မှပြင်ဘက်၊ လှမ်းအထွက်မှူ
ချစ်သူလာလေ၊ ခေါ်မနေတော့
မိုးရေဆွတ်ဖျန်း၊ ပုဂံလမ်းမှ
ပန်းမွှန်းယစ်ဝေ၊ နံ့သာလေကား
ချွေးနံ့များလိုင်၊ လူကြားကျပ်ညပ်
ဘတ်စ်ကားတွင်းထိ၊ ထုံသင်းမွှေးနံ့၊ ပျံ့နိုင်ပါ့မလား။

**အလှူ့ဘာနှစ်ခု**

သစ်မြစ်တွေက၊ ရေကြည်စုပ်လျက်
ခက်လက်ကိုင်းရှည်၊ ပင်စည်ကိုပို့
ပန်းတို့ပွင့်ရန်...
သစ်မြစ်တွေက၊ မြေဆီစုလျက်
ခက်လက်ကိုင်းရှည်၊ ပင်စည်ကိုပို့
ပန်းတို့ပွင့်ရန်....
ပင်စည်ကိုင်းခက်၊ မြင့်သထက်မြင့်
ရွက်ဆင့်စိမ်းစို၊ မိုးကို မျှော်လျက်
အထက်ပိုင်းမှာ၊ ပန်းပွင့်လာချိန်....
သစ်တပင်၏
အဓိကဖြစ်၊ အမြစ်များစွာ
အောက်ဆုံးလွှာတွေ၊ မြေကြီးရဲ့အောက်
ရောက်သထက်ရောက်၊ စူးဖောက်နှစ်ဝင်
ပင်စည်ခေါင်မြင့်၊ ပန်းငုံပွင့်ကို
မြင်ခွင့်မရနိုင်ပါလေ...။

**ခရီးသည်**

သံသရာသည်
အရှည်ဆုံးမြစ်
အချစ်သည်ကား
အိပ်မက်များစွာ ရှိသောည
သမုဒယဆိုတဲ့ တွယ်တာခြင်း
စီးဆင်းတဲ့မြစ်ရေ...။
အချစ်ရေ...
နှစ်တွေကြာပြီ
ကဗျာသီ စာစီလိုက်
ရာသီကိုက် သောကထူစွာနဲ့
လောကဇမ္ဗူမှာ
မြူတမှု လူအဖြစ်
အပူစုံ ပူပုံသစ်ပါသစ်
မွန်းနှစ်ဆဲလေ....။
ဘဝနေ.....
ညတွေကို ဖျောက်သည့်ခိုက်။
နေရောင်အောက်မှာလဲ
မခြောက်နိုင် မြစ်ရေစီးပြန်တော့
ခရီး အစုန်အဆန်နဲ့
သံယောဇဉ် ဝဲအစုပ်မှာ
မြုပ်လိုက်ပေါ်လိုက်။ ။

**မြိတ်၊ ပီလောပီနံ နှင့်ဟွန်ဒါ**

(၁)

ဂျက်.. အက်ဖ်တွမ်တီးအိပ်

မြိတ်မြေကို နင်း၊ ငြိမ့်ကန်ဆင်းပြီး

ဆောင်းတွင်းမနက်၊ နင်းစက်မငေ့

ဆောင်းငွေ့သန်းရုံ၊ ချမ်းတုန်နေအောင် မအေး။

လေဆိပ်က အထွက်၊ မြို့ထဲဘက် အလာ

ဟွန်ဒါယဉ်ကျေးမှု၊ လုယက်ပြေးလွှား

လမ်းသလားလျက်၊ တက္ကစီသုံးဘီး (ဘိန်း)

ဆေးအစိမ်းသုတ်၊ ပုတ်ပြတ်နှစ်ဆယ်

သုံးဆယ်အထက်၊ ဓာတ်ဆီတက်စျေး

လေးငါးခြောက်ဆယ်...

လွယ်လွယ်နဲ့ ဝယ်မရတဲ့...

မလေးရှားနှင့်၊ ယိုးဒယားပါတိတ်

တံဆိပ်စုံရှိ၊ အိန္ဒိယဖော့ရှန်

နိုင်ငံခြားဖြစ်၊ ခေတ်ပေါ်ပစ္စည်း

အသီးသီးလေ၊ စက်လှေနှင့်ရောက်

ဖောက်သည်ကောက်ထည် (ထယ်)

ရောင်းဝယ်ငွေရှင်

ပင်လယ်ခရုသားငါး၊ ရှားကုန်ဟင်းရွက်

ခေါင်ခိုက်တက်ဆဲ၊ မြိတ်စျေးထဲက

မြို့ပြမျက်နှာ၊ ငွေသာအဓိက

ရှိသမျှ အားလုံး လိုချင်စရာ....

(၂)

မြို့အပြင်ဘက်

ကော်မှုန့်စက်ရုံ၊ ဂျုံးဂျက်လည်ပတ်

စမ်းသပ်ကာလ၊ မြို့ပြကျေးလက်

ဆက်သွယ်ပေးဟန်၊ ပီလောပီနံဥမှ

စက်မှုသုံးကော်ဖြစ်၊ အသွင်သစ်မည်

ခြစ်စက်ညှစ်စက်၊ သိပ္ပံလက်ဖြင့်

တိုးတက်ပြောင်းလဲ၊ မြေကြီးထဲမှ
မြို့ပြပေါ်ရောက်၊ ကျေးရွာစိုက်ခင်း
တွေးကြည့်ယင်းမြင်၊ နသစ်ရှင်သန်
ပီလောပီနံပင်များ၊ ဖားလျားစိုပြည်
စိမ်းလန်းရမည်....
တောရိပ်ဆိုင်း၍၊ မှိုန်းရီအုံ့နေ
`ရွှေတူး``ကျဲကူး`၊ ဦးကြီးတို့ရွာဘက်
ကျေးလက်စိုက်ခင်း၊ ဆင်း၍ကြည့်ခဲ့
ချိုတဲ့မြေဆီ၊ ကြံ့လှီညှိုးခွေ
တချို့သေ၍၊ ဝေဆဲတချို့
အားယူလို့ရှင်
အောင်အောင်မြင်မြင်ဖြစ်ပွဲမလား....
တပိဿာ ပြားငါးဆယ်၊ ဥဝယ်ဈေးထက်
သယ်ယူစရိတ်တက်မလား
စဉ်းစား၍မရနိုင်။
(၃)
စက်ရုံလည်ပတ်၊ ပျော့ဖတ်သယ်ယူ
ဥယူဥထည့်၊ လှုပ်ရှားသည့်လူ
မြိတ်သူလေလား၊ မလေးရှားပါတိတ်နှင့်မဟုတ်
စက်ရုံလုပ်သား၊ ပါးမှာပါးကွက်
ချွေးစက်စက်ဖြင့်၊ ညဘက်အဆိုင်း ဆင်းနေသည်။
အလို....
ဟို... စက်ရုံထောင့်မှာ၊ တနေရာ၌
ဖျာအစုတ်ပေါ်၊ အိပ်ပျော်နှစ်မြိုက်
ခြင်အကိုက်ခံ၊ သမံသလင်းက အေး
မနွေးထွေးလေ၊ လေးငါးနှစ်အရွယ်
ဘယ်က ကလေး၊ မေးမည်ကြံဆဲ
မမေးပဲနေ၊ စက်ထဲက လုပ်သား
မျက်နှာများကို၊ လေးစားစွာကြည့်
ပြန်လှည့်အထွက်၊ ပင့်သက်ခိုးချ

လေတဝရှူ.....
ဆောင်းညက ပူနေသလိုလို....
(၄)
သဘော်ဦးလျှင်
ပင်လယ်ရေကြား၊ တအားဖောက်ထွက်
စက်ရှိန်တက်စဉ်၊ မြင်ယောင်ထပ်ထပ်
ဖျာချပ်ပေါ်က ကလေး၊ ဈေးထဲက ပစ္စည်းစုံ
အာရုံမှာ ခံစား၊ ဟွန်ဒါများ စိုက်ခင်းများ
မြို့သားမြို့သူ၊ ကျေးလက်က လူများ
ဝိုးဝါးထင်ဆဲ၊ ရင်ထဲမှာတင်း
သဘော်အောက်ထပ်သို့ ဆင်းခဲ့၏။

**မရဏာနုဿတိ**
အိမ်တံခါးမှာ၊ ဖျာစုတ်တချပ်
ဝါးခြမ်းကပ်လို့၊ မတ်တတ်လှမ်းတက်
မမြင်ရက်စရာ၊ တစာစာငို
အို... ကလေးတပြုံးနဲ့ပါလား။
တော် ဆရာလာပြီတော့တဲ့...
ဖျော့တော့တော့မိန်းမ၊ ငိုချင်းချသံ
နားထဲလျှံပွက်၊ ထထိုင်ခက်နဲ့
ပက်လက်အိပ်ပျော်...၊ သြော်.. ငါ့တပည့်
စောင်းငဲ့ပြီးကြည့်ရသေး။
ဖင်မနွေးခင်၊ ကြေးစည်ထုလို့
သင်းချိုင်းပို့ဆောင်၊ ခွေးဟောင်ဟစ်အူ
လူခြောက်ကပ်ကပ်၊ ဖွက်စပ်စပ်လမ်း
အခေါင်းထမ်းထွက်၊ မိုးစက်ကလေးတွေ
ဖွဲ့ဖွဲ့စွေလို့...
သေသူ အေးမြအောင်လားမသိ။

တိုက်အိမ်ခမ်းနား၊ တံခါးသံပန်း
အကွက်ဆန်းထွင်၊ ကျွမ်းကျင်ပြုလုပ်
ငါ့ရဲ့အလုပ်သမား၊ သူလုပ်ခဲ့တဲ့ သံတံခါးတွေ
လှပနေဆဲ၊ ဆေးရောင်မှ မမွဲခင်
မမြဲသော တရား...
ဘုရား... ဘုရား....။

**ခြေရာများ**
ဝေမှိုင်းရီသည့်၊ ငါ၏ညများ
ရှည်လျားစေရန်၊ ဖန်ဆင်းခဲ့ရစ်
အချစ်များစွာ၊ ခြေရာချထား
အိပ်မက်ကလေးများအဖြစ်...
ငါ့ကိုယ်ငါမေ့၊ လှသောနေ့များ
ထင်မှတ်မှားရန်၊ ဖန်ဆင်းပြန်သော
မောဟတောမှ၊ ပျော်မောမြေ့ချမ်း
အနမ်းများစု
ငါးပြင်နတွင်
ခြေရာထင်ရစ်...
ပါးချိုင့်ကလေးများအဖြစ်...။
အားငယ်တတ်ခြင်း၊ ဆင်းရဲဝဋ်နှင့်
နစ်ကျွံနွမ်းလျ၊ လွမ်းတသနေ
သောကခြေရာ၊ ဝေဒနာစု
မျက်ရည်ဥကလေးများအဖြစ်...။
သေဆုံးသည်ထိ၊ ငါ၏ညနေ့
မေ့လျော့တွေဝေ၊ သသချော်စိတ်
ငါ့အရိပ်များ၊ ငါချန်ထားခဲ့
ကျန်ရစ်ခဲ့စေ၊ ဘဝခြေရာ
ကဗျာကလေးများအဖြစ်....။ ။

**နွေထဲမှာ**

နွေဉတုရဲ့
ကြွေလုလု ဝါရွက်တွေ။
ပတ္တမြားစီ ထက်ယံမြင့်
လက်ပံပွင့်ဝေ။
တပေါင်းနေ
ချောင်းရေကိုငုံ့အသောက်။
အဟောင်းခြွေနွမ်း
ချောင်းရေခန်း
တပေါင်းနေ ကြမ်းပေမယ့်
သပြေပန်း အညွှန့်နီနီတို့
အဖွန့်ရှည်ရှည် အနေရဲ
နွေထဲ မကြောက်။

**ခွေးခြသေ့်**

ခြသေ့်ဆိုလျှင်၊ တောဘုရင်မို့
လည်မျှင်ဆံဖွား၊ ဖားလျားလျားနှင့်
သားကောင်အပေါင်း၊ ခညောင်းရွံ့ကြောက်
လေးစားလောက်သည့်၊ သတ္တိနှင့်မာန်
ခြသေ့်ဟန်ဖြင့်၊ တဝင့်ဝင့်မို့
ရဲရင့်ခြင်းအတွက် စံတင်တယ်…
ခွေးဆိုလဲ (လည်း)ခွေး
အယ်လ်ဖေးရှင်း၊ အင်းခွေး မြန်မာခွေး
ဘာခွေးဖြစ်ဖြစ်၊ ခွေးအစစ်မို့
ခွေးဖြစ်ရတာ၊ ဂုဏ်ရှိပါတယ်
သစ္စာစောင့်တတ်၊ ဇီဇဓာတ်ကြောင့်
မှတ်ကျောက်တင်လို့ ရနိုင်မယ်..

ခြသေ့်မစစ်၊ ခွေးမစစ်နဲ့
ဇာစ်မြစ်မမှန်၊ လည်ဆံမဖွာ
မာန်ပါပါဟိန်းဟောက်ပေမယ့်
ရှံ့လောက်စရာ၊ ဟန်မပါ ဟန်မပြည့်
မာန်ဗလာ မာန်မရှိလို့....
'သတ္တိ'၊ 'သစ္စာ' ဘယ်ဟာမှ စံမဝင်
သဏ္ဍာန်ဆင်ရုံလေးနဲ့
သွေးကြွလို့ မြောက်ပေမယ့်
(တကယ်တော့....)
ခွေးဘဝလောက် ဂုဏ်မရှိ။

**စက္ကူပိတောက်**
နွေတခုသည်...
စုစည်းသိမ်းဆည်း၊အပူမီးပွား
သူ့ရင်ကြားနစ်၊ ဝေဒနာစစ်ကို
လှစ်အန်ထုတ်ပြ၊ တစတဆစ်
ဘဝသစ္စာ၊ ရတနာပိတောက်...။
သင်္ကြန်ရေတွင်...
နွေရတနာများ၊ မျောပါသွားပြီ
ဟိုနားတစက် သည်တစက်...။
သင်္ကြန်လေတွင်...
နွေအလှများ၊ လွင့်ကြွေသွားပြီ
ဟိုနားတပွင့်၊ သည်တပွင့်...။
သို့တစေ..
နေမထိ ရေမထိ၊ မကြွေသည့်ပန်း
အမြဲလန်းနေ၊ ဧည့်ခန်းတိုင်းမှာ
အိမ်တိုင်းမှာလေ...
ဝေဒနာရှိ၊ စေတနာမပြည့်
နေရာရှိနေသည့် ပန်းများ။ ။

**မှတ်တိုင်တခု**

ငါတို့သွားမည်
ကံ့ကော်ပြည်သို့ နေမညို့ခင်
ရွှေမြို့တော်ဆီ အရောက်လေ...။
ငါတို့ရောက်ပြီ
နေခြည်အလက်၊ ရွှေရည်ပက်စဉ်
မြင့်ကွက်တေးသီ၊ ကံ့ကော်ပြည်တည့်
သည်မှာအချစ်၊ သည်မှာသစ္စာ
သည်မှာ ယုံကြည်မှု
အတုအစစ်၊ အသစ်အဟောင်း
အကောင်းအဆိုး၊ အရိုးအဆန်း
ဖြတ်သန်းတွေ့ဆုံ၊ ငါတို့ကြုံလျက်
ခရီးဆက်မည်...
ငါတို့ခွဲပြီ
ကံ့ကော်ပြည်တည့်၊ သည်မှရှေ့လှမ်း
ဘဝလမ်းမှာ၊ စမ်းတဝါးဝါး
မခမ်းနားလည်း၊ လွှမ်းဆဲလွှမ်းနေ
ကံ့ကော်မြေသို့ နေမညို့ခင်
ရွှေမြို့တော်ကို ရောက်ခဲ့စဉ်...။

**မကျေနပ်၍ ခွင့်မလွှတ်နိုင်ခြင်း**

လကွယ်ညတွင်၊ လမမြင်၍
ပြစ်တင်ပြောခြင်း မပြုလို။
နေ့ခင်း ဖြစ်လျက်၊ လမထွက်၍
အမျက်ဒေါသ မပွားလို။
နွေခေါင်ခေါင်မှာ၊ မိုးမရွာ၍
မျက်နှာညှိုးနွမ်း မနေလို။
လကွယ်ညတွင်၊ လမမြင်သော်
ကြယ်စင်ရှန်းလက်၊ ပွင့်ရွှေခက်ကို
နှစ်သက်မြတ်နိုး ရပါမည်။
နေ့ခင်းဖြစ်လျက်၊ လမထွက်သော်
ဝန်းစက်ရောင်လင်း၊ ရှင်နေမင်းကို
ကြည့်ယင်း ကျေနပ်ရပါမည်။
နွေခေါင်ခေါင်မှာ၊ မိုးမရွာလည်း
သာသောဥသြ၊ နှောသောလေပြေ(ပြည်)
ကြွေသောရွက်ဝါ၊ နွေလင်္ကာကို
ကြည့်ကာ ကြည်နူးရပါမည်။
လပြည့်ညမှာ၊ လမသာသော်
မိုးရာသီတွင်၊ မိုးမဆင်သော်
နေ့ပင်ဖြစ်လျက်၊ နေမထွက်သော်
ပစ္စက္ခသည်၊ ဘဝမမှန်
အကျည်းတန်၍၊ သဏ္ဍာန်ပြောင်းလဲလိမ့် တကာ။

**သတ္တိရှိသော သစ်တပင်**

မြက်ကြားကိုင်းကြား၊ ချုံနွယ်ကြားမှာ
အားယူလျက်၊ အညှောက်ထွက်၍
နွမ်းသွေ့သွေ့နှင့်
အလေ့ကျပေါက်အပင်ငယ်...
နေ့ရက်ရောက်၍
မြက်ခြောက် ကိုင်းခြောက်
ညှိုးသွေ့ပျောက်လည်း၊ အညှောက်နုနု
နေ့ကိုတုကာ၊ သေလုသေခင်
အသက်ရှင်ဆဲ၊ မြင်ရဆဲ...
မိုးလည်းဝင်ရော၊ မြက်တောနှင့်ကိုင်း
နွယ်ပင်ရိုင်းတို့၊ စိုင်းစိုင်းပတ်လည်
ရှည်သန်ကြီးစိုး၊ လွှမ်းအုပ်မိုး၍
အလေ့ကျပင်၊ မတွေ့မြင်တော့
ရှင်မှရှင်သန် သေးရဲ့လား...
နွေနွေမိုးမိုး၊ အမျိုးမျိုးဒဏ်
အဖိခံယင်း၊ အံကိုတင်းလျက်
အသက်ဆက်ကာ၊ အရွက်လည်းဖား
ကိုင်းဖျားလည်းရှည်၊ ပင်စည်လည်းမြင့်
အဆင့်ဆင့်နှင့်၊ ကြီးရင့်လာခဲ့ရပါသည်။
သို့နှင့်
နှစ်ပေါင်းလည်းကြာ၊ သည်နေရာထက်
မြက်ရိုင်းမတွေ့၊ နွယ်တွေ့တော့
အလေ့ကျပင်၊ ရွက်နုလွင်၍
ပင်စည်ရင့်ရော်၊ မိုးကိုမျှော်ကာ
ကံ့ကော်ပန်းတွေဝေလျက်...။

**မမြည်သောစောင်း**
မှန်စီရွှေချ၊ စောင်းတော်လှသည်
ပိုးစပန်းဖွာ မြိတ်သွယ်လျှားနှင့်
ခန့်ညားလှပနေပါသည်။
နနပျောင်းပျောင်း၊ သွယ်လက်ချောင်းနှင့်
စောင်းကြိုးကိုထိ၊ တီးခတ်ညှိသော်
မိုးထိလွင့်ပျံ၊ စောင်းညင်းသံသည်
နာခံနှစ်လိုစရာပင်
ရွှေပြည်တော်သည်
အစရှိ၍၊ ဂီတရသ
စောင်းတော်ရင့်လည်း၊ စောင်းနှင့်မတန်
ဘက်မရှိသည်။ အောက်ခံနင်းပြား
ဆင်းရဲသားတို့၊ တန်းလျားတဲစုတ်
အိမ်ကုပ်ကုပ်ဝယ်၊ မိုးချုပ်နေဝင်
အသက်ငင်လျက်၊ ပင်ပန်းနွမ်းလျ
ရှန်းကန်ထယင်း၊ သားကန့်ပြတ်
ဝမ်းပြားချပ်နှင့်၊ ပါးစပ်ပြဲအော်
တကြော်ကြော်မို့၊ စောင်းတော်အသံ
မနာခံနိုင်၊ ဆူညံကျွက်စီ
တေးမပီသ၊ မကြည်မြချေ
ဒုက္ခတွေနှင့်....
ရွှေပြည်မတော်နိုင်တကား။ ။

**ပိုး**

(၁)

ငုံအပွင့်

ထုံမဆင့်

ပွင့်ဦးဘာကြောင့်ကြွေသလဲ။

(၂)

ငုံပြီပဲ

ရဲရဲပွင့်၊ ရင့်ယင်ကြွေ

ခြွေခြွေဖျက်၊ စိတ်ပျက်မယ်များ

ထင်သလား။

ငုံပြီးပွင့်

ရင့်ပြီးကြွေ၊ မြေပေါ်သက်

မျိုးဆက်ပွား၊ ပန်းများတာဝန်ကျေတာပေါ့။

(၃)

မပွင့်ခင်နွမ်း

မလန်းခင်ညှိုး

မချိုးခင်ကြွေ

မခြွေခင်ပျက်

ဘယ်အတွက်

မြေသက် ကြွေရက် စောသလဲ။

လေမကြမ်း

ပန်းမခြွေ

နေမထိုး

မိုးမခ

ဘာကြောင့် အလှပျက်သလဲ၊

(၄)

ငုံအပွင့်

ထုံမဆင့်

ပွင့်ဦးမြေသို့ ကြွေခဲ့သည်။

**တရံရောခါ**

မျက်ထောင့်နီနှင့် မရီ(ရယ်)ကြရ။
မျက်ထောင့်ညိုနှင့် မငိုကြရ။

အာဇာတင်းကျပ်၊ စည်းနှောင်ထပ်၍
မိန့်မှတ်ခွန်းခြွေ၊ ညွှန်ကြားလေသော်....

ငှက်တို့သည်လည်း
မမြည်မတမ်း မပျံသန်း....

ပန်းတို့သည်လည်း
ဝတ်ရည်မထုံ မဖူးငုံ....

မြစမ်းရေလည်း၊ မခွေမပတ်
တန့်ရပ်နေယင်း မစီးဆင်း။

ဒေါင်းအလှလည်း မကမမြူး
မတွန်ကျူး

လှုပ်ကြရှားကြ၊ သဘာဝလျှင်
ဘာမျှမလုပ်၊ ကျောက်ဆစ်ရုပ်သို့
ငုတ်တုတ်ငြိမ်သက် နေအခါ....
တိတ်ဆိတ်ခြင်းသည်
အသံမြည်လျက်၊
ရီ(ရယ်)လည်းတယောက်
ငိုတယောက်တည်း၊ ချောက်ချားတုန်လှုပ်
သင်းကွဲဒုက္ခ၊ ထိုကာလမှာ
ရင်ဝလောင်ညီး၊ အပူမီးနှင့်
ရှုးပြီးဆုံးပါးရှာသတဲ့....။

**လူတို့သည်**
ပန်းတောမှာနေခိုစဉ်
ပန်းတော်အလှပြည့်။

ပန်းတောကိုကျောခိုင်းတော့
ပန်းရိုင်းတွေ ရနံ့ဆိုးနဲ့
ညှိုးသွေ့လေ၏။

မြစမ်းမှာ အပန်းဖြေ
မြစမ်းအိုင် အလှပျောက်ကာ
ရေနောက်ပြန်၏။

တမာရိပ်မှာခို
ချိုပါသည် တမာသီး။

တမာတောကို စွန့်လေတော့
တမာညွန့် မမြင်လို
တမာဆို မုန်းမာန်ပွားကာ
ခါးကြသတည်း။

## အလှကွယ်ချိန်

ချောင်းကိုကြည့်ကာ၊ ပင်လယ်ပြာနှင့်
နှိုင်းစာအထင်သေးခဲ့သည်။

တဲကိုကြည့်ကာ၊ တိုက်ပြာပြာနှင့်
နှိုင်းစာရှုတ်ချခဲ့ပါသည်။

ပိုးစုန်းကြူးကို၊ ညဥ့်ဦးထွန်းပ
သာသည့်လနှင့်၊ နှိုင်းဆကဲ့ရဲ့ခဲ့ပါသည်။

သဘာဝ၏၊ အလှအပ
အစွမ်းအစကို၊ ကျနသေချာ
မလေ့လာပဲ၊ နှိုင်းစာရှုတ်ချ
ကဲ့ရဲ့ကြလျှင်
လောကအလှ ကွယ်လိမ့်မည်။

(ငွေတာရီ)

**အိမ်အပြန်**

အစာဝ၍၊ ဌာနပြန်ပြေး
မြင့်ကျေးဟု၊ ဆဲရေးပြစ်တင်
နန်းရင်ပြင်မှ၊ သခင်စိတ်ဆိုး
မျက်မာငြိုး၍၊ အဆိုးဆိုချင်ဆိုပါတော့။

ဆင်စွယ်ရိုပ်နန်း၊ အိမ်ဆည့်ခန်းတွင်
ပန်းခက်ပန်းလိမ်၊ လှောင်ချိုင့်အိမ်၌
စည်စိမ်မထင်၊ သခင်ကျွေးသည့်
ရွှမ်းအိရသာ၊ စားအစာလည်း
စိတ်မှာမကောင်း၊ နေရာဟောင်းသာ
ပြန်ပြောင်းပြေးချင် လှပါသည်။

ငှက်တို့မည်သည်၊ လှည့်လည်ဝန်းပတ်
အရပ်ရပ်မှာ၊ ကူးခပ်နေချင်
ပျံသန်းချင်ကြောင်း၊
သခင်နားလည်စေလိုသည်။
ငှက်တို့မည်သည်၊ လှည့်လည်ဖွေရှာ
အစားစာကို၊ ဘယ်မှာမတူ
ကိုယ်ထူကိုယ်ထ၊ ကိုယ့်စွမ်းစဖြင့်
ဝဝလင်လင်၊ အသက်ရှင်ကြောင်း
သခင်သိစေလိုပါသည်။

အတောင်ခတ်၍၊ တောရပ်ကိုပြေး
တောသံပေးကာ၊ မြကျေးအိမ်ပြန်ခဲ့ပြီတည်း။

**(ငွေတာရီ)**

## လူ

ပန်းတဖူးကို၊ ခူး၍ကျေနပ်
လောဘသတ်ခိုက်....

ရှေ့မှာတပွင့်၊ လွယ်လွင့်တကူ
ယူ၍ရခိုက်၊ ခူးလိုက်မိပြန်....

ပြန်မှပြန်မှ၊ သတိရနေ
ခြေကမလှည့်၊ တည့်တည့်စိုက်စိုက်
လိုက်နာမိပြန်၊ ပန်မှာတဖူး
ခူးပြီးတရာ၊ အခွင့်သာခိုက်
ရရာအားလုံး ဆွတ်ချင်သူ....

လက်ထဲခြင်းထဲ၊ ပြန့်ကျဲပြည့်သိပ်
 စိတ်မတင်းတိမ်၊ အိမ်မပြန်သေး
 ခပ်ဝေးဝေးက၊ ဖွေးဖွေးပန်းတွေ
 မက်မောနေပြန်၊ လှည့်မပြန်မိ...

 ပင်လင်ရေနောက်၊ မခန်းခြောက်လည်း
 တယောက်တည်းသာ သောက်ချင်သည်။

**ရင်းနှီးနေသော မျက်နှာများ**

သည်မျက်နှာလေး
စိတ်အတွေးတွင်၊ ရေးရေးထင်
မြင်ဖူးသလို အရှိသား။

ဟိုမှာလည်းတွေ့၊ သည်မှာတွေ့၍
ဟိုနေ့လည်းမြင်၊ သည်နေ့မြင်၏

အသွင်သာပြောင်း၊ ဉာဉ်မပြောင်းဘူး
အကြောင်းသာကွဲ၊ လူမလွဲဘူး
အမြဲတွေ့တဲ့ မျက်နှာတွေ။

ရေလိုက်ငါးလိုက်၊ နေရာလိုက်၍
အကြိုက်အမျိုးမျိုး၊ အချိုးအဖုံဖုံ
အရောင်စုံပြောင်း၊ ဟန်ဆောင်ကောင်းသည်။
သိပေါင်းကျွမ်းပေါင်း မျက်နှာတွေ။

**နေရာများသော်**

တောထဲမြိုင်ထဲ၊ ဟိုသည်ဝဲ၍
တိမ်ထဲမှာပျံ၊ မိုးယံကိုတက်
လှည့်လည်လျက်၊ ငှက်မှာ အစွမ်းရှိပါသည်။

မြစ်ထဲချောင်းထဲ၊ ဂယက်ဝဲတွင်
ကျင်လည်ကျက်စား၊ ကူးခတ်သွားရန်
ငါးမှာ အစွမ်းရှိပါသည်။

ဤသို့လျှင်
မြေပြင်မှာပျော်၊ မြေပေါ်မှာသွား
မြေပေါ်ဖွားလျက်၊ ကျက်စားလှည့်ပတ်
နေထိုင်တတ်သည့်၊ သတ္တဝါများ
အစားစားတွင်၊ စွမ်းအားကိုယ်စီရှိကြသကြ။

လေမှာပျော်လျက်၊ မြေကျေးငှက်က
ရေနက်ချောင်းမှာ၊ ကျင်လည်စွာနှင့်
လူးလာကူးခတ် မစွမ်းနိုင်....

ရေမှာပျော်ပါး၊ ကူးသည့်ငါးက
မြေသားကျောက်တောင်၊ ကုန်းခေါင်ခေါင်မှာ
လှည့်လည်ကာနှင့် သွားလာလှုပ်ရှားမနေနိုင်။

ကုန်းသတ္တဝါ၊ ရေမှာပျော်လျက်
မိုးယံတက်ကာ၊ ငှက်သို့ပျံရန် မဖြစ်နိုင်။

သဘာဝ၏၊ စွမ်းစကိုယ်စီ
ရှိကြသည်ပင်၊ ကျင်လည်ကျက်စား
နေရာမှားသော်၊ အများရယ်ဖွယ် ဖြစ်ပါလိမ့်။
**(ငွေတာရီ)**

# အလှစုရာ

အလှဆုံးမျက်နှာ
ရှာသော်မတွေ့။
မိုးကောင်းကင် မြေအနှံ့
ခြေဆန့်တယ်လေ့။

အကြည်ဆုံးရေ
ဖွေသော်မတွေ့။
တောနင့်တောင် မြောင်အနှံ့
ခြေဆန့်တယ်လေ။

အမွှေးဆုံးနံ့သာ
ရှာသော်မတွေ့။
ပန်းဥယျာဉ်မြိုင်တသန့်
ခြေဆန့်တယ်လေ့။

အသန့်ဆုံးမေတ္တာ
ရှာရှာလို့မော။
အမေ့မျက်နှာ အလှစု
ကရုဏာက သီတာရေ
စေတနာက နံ့သာတော။
ပျော်မောဖွယ် သည်မှာခိုမှ
စိတ်နှပျို လိုသမျှကို
တွေ့ရပြီကော။

**ခြေရာကောက်**

(၁)

လေ့ကားရင်းမှာ
ဒဏ်ရာရသလား။

(၂)

လေ့ကားအစ
ပထမထစ်
ညှိုညစ်ပုပ်လျက်
ဟော....တစက်။

(၃)

လေ့ကား၏
ဒုတိယအထစ်
ပန်းရောင်ဖြစ်၏၊
ကြည့်....တစက်။

(၄)
တထစ်ပြီး တထစ်
ညစ်ရာမှဖျော့
ပျော့ရာမှနေ
ရေလိုဖြစ်သွား
ဟော...လေ့ကားထိပ်မှာ တံခါးတခု။

(၅)

တံခါးနောက်ကွယ်
အခန်းကျယ်
ဆုံလည်ကလားထိုင် တလုံးနဲ့ပါလား။

**(ချယ်ရီ)**

## ဆည်ဖို့ပွဲ

❖ ရွာရှေ့က တဒူဒူ။
ဒိုးပတ်သံ ငြိမ့်ငြိမ့်ညောင်းနဲ့
မောင်းတီးညံဆူ။
ဟိုဘက်က မောင်ဖိုးဖြူ
ကူပါတဲ့လုပ်အား။
ကွမ်းတောင်ကိုင် အပျိုချောက
မောပြီတဲ့လား....။

❖ လူပျိုခေါင်း မောင်ဘိုးရွှေ။
ပေါက်ပြားကို ကိုင်ကာမြှောက်
မြေပေါက်လို့နေ။
ရွာထဲက မအေးမေ
မြေသယ်ကာ ဆည်ကိုဖို့။
တယောက် တအားစီပေါ့
ပေါက်ပြားကို ကိုင်သူကိုင်နဲ့
ချွေးပြိုင်ပြိုင်ယိုကာစီး
ပြီးလုပြီဗျို့....။

❖ သူကြီးကရေနွေးကျို။
နားချိန်မှာ ညှော်ခံကျွေးဖို့
ဆေးလိပ်နဲ့ ထန်းလျက်ချို။
တေးသီချင်း သံပြိုင်ဆို
ချောင်မခိုအလုပ်များ....။

* ကိုယ့်တာဝန် ကိုယ်စီထမ်းပါလို့
စိတ်ဝမ်း ညီညီညာနဲ့
ရွာရှေ့တာ ဆည်ဖို့ပွဲမှာ
နွဲကြလုပ်အား....။

* လုပ်လိုက်ကြဟေ
ဖို့လိုက်ကြဟေ။
သည်တမံ ဆည်ကာထားပါမှ
စပါးက ထိန်ထိန်ဝေ။
ဆည်ထဲကတမန်ရေ
လယ်တွေမှာ အနှံ့သွင်း။
မိုးရေ မရမှာ မပူပင်တော့
ပိုးတွေကျမှာ မပူပင်တော့
နှောင်နှစ်တွင် တို့လယ်တောမှာ
မြေကျောရေအလျှံနှင့်
စပါးနှံ ရွှေရောင် တောက်ပါလို့
ဖြိုးမောက်ထိန်ဝင်း....။
**( ရှေ့ သို့ )**

## ရွာကထိန်

❖ တည်ညံညံတေးသံနှောလို့
တို့တောက ဘုံကထိန်။
ရွာသူတွေ ရွှင်ကြည်နူး
ပျော်မြူးကြ သည်အချိန်။
တစ်နှစ်မှာ တကြိမ်
လှူကထိန် အောင်ပွဲ။
ရွာ့ရိုးရာ ရွာစရိုက်နဲ့
ပျော်ပိုက်သည်ပဲ။

❖ ဒိုးပတ်ဝိုင်းက ပလွေရှင်။
သည်တခါ သည်တပွဲမှာ
ကျဲလိုက်မယ်ပြင်။

တေးသံကိုတင်
ရွှင်ပါ မေ့မျက်နှာထား။
နထွားပျို လူညိုချောက
မောနိုင်ဘူးဗျာ့....။

❖ ခေါင်းပေါ်မှာ ရောင်တစောင်းနဲ့
ကျောင်းနားက ကိုလူပျို။
သူ့ပါးမှာ နံ့သာမှုန်း
ပြုံးလျက်ရွှင်ချို။
မျက်စနဲ့ မူဟန်ပို
တေးဆိုကာ ကလို့ကွေး။
မလေးခင် သူမြင်ခိုက်မှာ
မောဟိုက်ပြေသေး....။

ရွာထဲက ကွမ်းတောင်ကိုင်၊
တပတ်လျှို ကေသာထက်မှာ
ပန်းခက်ကမြိုင်။
နံ့သာက တကြိုင်ကြိုင်
ပန်းခိုင်နဲ့ ယဉ်ယဉ်ကျော့။
ကျောင်းအလာ ရွာအဝမှာ
ကာလသား သူမြင်တော့
ခြေလှမ်းပြင် အနေခက်လို့
ရှက်လှသတော့....။

❖ တို့ရိုးရာ တို့ဓလေ့နဲ့
တို့မွေ့လို့ တို့ရွှင်ပျော်။
လှျူကထိန် သင်္ကန်းနဲ့
မင်္ဂလမ်းကိုတဲ့ ရည်မျှော်။
ဟန်ဆောင်မှု ကင်းသနော်
ပျော်စရာ ကထိန်ပွဲ။
မြန်မာမှု မြန်မာဆန်လို့
တို့တောဟန် မူမပျက်အောင်
နှစ်ဆက်ဆင်နွှဲ....။

**တွေ့ဝေမှု သို့မဟုတ်  အားငယ်ခြင်း**

လည်ကိုဆန့်၍ ခေါင်းကိုမော်။
ဝဲနဲ့ယာနဲ့ ဟိုသည်လှည့်
ကြည့်မိပြန်သော်။
ပစ္စည်းကြောင့်သူထင်ပေါ်
ဩော်....တော်ပါလေစွ။
ကျွန်တော့်မှာ ဆင်းရဲသားမို့
အားငယ်ပြန်ရ။
လည်ကိုဆန့်၍ ခေါင်းကိုမော်။
ဝဲနဲ့ယာ ဟိုသည်လှည့်
ကြည့်မိပြန်သော်။
ရာထူးကြောင့် သူထင်ပေါ်
ဩော်.... တော်ပါလေစွ။
ကျွန်တော့်မှာ အလုပ်ကြမ်းနဲ့
ဝမ်းကျောင်းသူ လူနွမ်းပါးမို့
အားငယ်ပြန်ရ။
လည်ကိုဆန့်၍ ခေါင်းကိုမော်။
ဝဲနဲ့ယာ ဟိုသည်လှည့်
ကြည့်မိပြန်သော်။
တိုက်ကားနဲ့သူတို့ပျော်
ဩော်...တော်ပါလေစွ။

ကျွန်တော့်မှာ တဲငယ်စုတ်နဲ့
သိမ်နုပ်စွာ နေထိုင်စားလို့
အားငယ်ပြန်ရ။

လည်ကိုဆန့်၍ ခေါင်းကိုမော်။
အထက်ကိုကြည့်ကာမှန်း
လှမ်း၍ရှုမျှော်။
ကိုယ့်ဘဝ ကိုယ်မပျော်
ကျွန်တော်ဟာ တွေဝေတတ်။
အားငယ်စိတ်ကိုဖျောက်
ဒူးမထောက် အညံ့မခံ
ကိုယ့်အားကိုယ့်မာန်နဲ့
လောကဓံ ဘဝဆိုးမှာ
ကြိုးစားကာ အံကိုခဲပါလို့
ရောင့်ရဲလျှင် အနေမြတ်ပေလိမ့်
စိတ်ဓာတ်ကို တမျိုးပြောင်းကာ
ခေါင်းမော့လို့မတ်။ ။

**( ငွေတာရီ )**

**တံငါရွာက ဇာတ်လမ်း**

သည်တဝါလည်း
လာနိုးတောင်းနိုး၊ မျှော်လင့်ကိုး၍
လည်ကျိုးမတတ် စောင့်ရှာမည်။

နမသည်းမျှင်၊ မောင့်သခင်ငဲ့
မုန်းပင်မပျိုး၊ မုန်းမိုးမရွာ
သစ္စာမပျက်၊ ပင်လယ်ထွက်စဉ်
နှောင်းရက်ဇာတ်လမ်း
သွေးစွန်းခန်းကို

သောင်ကမ်းသို့လာ၊ လှိုင်းပြာပြာသည်
မျက်ရည်လည်ဝေ့၊ ပြောသည့်နေ့မှ
သိခွင့်ရလျှင်
အမျှအတန်းဝေပါလေ....

**အနီးအဝေး**

ဟိုဝေးဝေးက၊ ရေးရေးသာမြင်
ပျပျထင်သည်၊ တောင်စဉ်တောင်တန်း
နှင်းမြူလွှမ်း။

တောင်တန်းရှိပြာ၊ မြူဆိုင်းကာနှင့်
ပဝါတိမ်စ၊ ရစ်သိုင်းကျလျက်
အလှပဟုမြင်၊ စိတ်၌ထင်သည်
ဝန်းကျင်သာယာလှတယ်ကို။

တောင်ခြေကိုသား၊ တောင်နားမှကြည့်
တွေ့မြင်မိသည်၊ ဆူးပြည့်နွယ်ပေါ
ခရောင်းတောနှင့် သစ်တောချုံဖုတ်
ခလုတ်ကန်သင်း၊ အတက်ဆင်းတွေ
ကျောက်ရင်း ကျောက်ခက်၊
ကျောက်တက်၊ ကျောက်ဆွယ်
အသွယ်သွယ်တွေ၊ တွေ့ရလေမှ
တောင်ခြေရှိုးမ၊ စိမ်းမြမြ၏
ဘဝသရုပ်ပေါ်တော့သည်။

## အပူမီး

မှောင်ရီမိုးညှ၊ သန်းခေါင်ကျတိုင်
မလာနိုင်သေး၊ အိမ်တိုင်ဘေးမှာ
မေးငိုက်သန်းဝါး၊ သောကပွားချဲ
တံခါးခေါက်သံ၊ အိမ်အပြန်ကို
စောင့်လင့်ကြို့ရ၊ ရင်ဖိုစိုးရိမ်
မီးမှိန်မှိန်မှာ
အိမ်သူမျက်ရည်ဝေ့လျက်....
သဗ္ဗေသတ္တာ၊ အဝေယျာဟု
မေတ္တာပို့ပြီး၊ ပုတီးကိုင်ယင်း
ဆုတောင်းယင်းနှင့် ပူးပြင်းစိုးရိမ်
စိတ်မငြိမ်ချေ။ အိမ်ပြန်နောက်ကျ
သားလူလုထွက်၊ သောကရှင်းစေ
ဘေးကင်းစေဟု
အမေဆန္ဒပြုလျက်....။

**မာန်**

အကိုင်းအခက်၊ အရွက်အတံ
အနံ့အသီး၊ ဖျက်ဆီးရုံမျှ
အားမရသေး၊ ပင်မကိုဖြတ်
အသေသတ်လည်း မားမတ်ညွှန့်ဝေ
ခေါင်းထောင်နေအံ့
ရေသောက်မြစ်မှ
လူးလွန့်ထကာ၊ ခက်မရှင်သန်နေဦးမည်။

**သစ်ဆုံဆည်**

သွေ့လျက်ခြောက်လျက်၊
လယ်မြေကွက်လည်း
အက်ကြောင်းရာပြေး၊ မိုးနှင့်ဝေး၍
အေးမြစိမ်းလန်းမနေပါ....။

ပူလျက် လောင်လျက်၊ ယာမြေကွက်လည်း
မိုးစက်မိုးပေါက်၊ မထိရောက်၍
သွေ့ခြောက်အက်ကွဲနေပါ၏....။

မိုးမရွာ၍၊ ယာကွက်လယ်ကွက်
သီးနှံပျက်ကြ၊ ထွန်ယက်စိုက်ပျိုး

သီးထပ်တိုးလည်း၊ မိုးလေမမှန်
ရေစမှန်၍၊ သီးနှံမဖြိုး
အကျိုးမဝင်၊ မသန်ရှင်ပါ
ပင်ပန်းရကျိုး မနပ်ခဲ့....။

သဘာဝကို၊ လူကကြိုးကိုင်
ပြုလုပ်နိုင်၏၊ ခန့်ခိုင်ကြီးမား
ရေတံခါးနှင့်၊ ရှားသည့် သည်ရေ
ဖြိုးမောက်ဝေလိမ့်၊ ယာမြေနသစ်
တခန်းလှစ်အောင်၊
သစ်ဆုံဆည်က ပြောင်းလိုက်သည်။

သစ်ဆုံဆည်မှ၊ ရေကြည်ရေစက်
စုပ်ယူလျက်နှင့်၊ ခက်ညွန့်ရှင်သန်
စပါးနှံများ၊ ပြန့်လွင့်ကားကာ
မြေသားအလှဆင်လိမ့်မည်။

ယာမြေကွက်လည်း၊ နမ်းပက်ပြောင်းကြဲ
အားမာန်ခဲကာ၊ စိုက်ပျိုးပါလော့
ဝါနှင့်လူးဆပ်၊ ဆက်မပြတ်အောင်
သီးထပ်ကူလျက်၊ လုပ်အားဘက်လော့
ရေတွက်ကြောင့်ကြ၊ မပူရပြီ
သစ်ဆုံဆည်က၊ သည်ဒေသကို
လုံးဝတာဝန်ယူလိုက်၏....။

**(ငွေတာရီ)**

**နေလတို့ ကွယ်လေလျှင်**

အမေ့မေတ္တာ
လပမာထင်မိ။
ကိုယ့်ဘဝ
ညဘယ်လိုမှောင်လဲ
လ အရောင် ရှေ့ဆောင်ပြတော့
ချမ်းမြပါဘိ....။

အဖေ့မေတ္တာ
နေပမာထင်မိ။
ကိုယ့်ကမ္ဘာနေရောင်ကျတော့
ဘဝမှာရွှင်ကြည်နူးလို့
ပျော်မြူးပါဘိ....။

နေလတို့ကွယ်ကာ
ဘဝမှာ မှောင်မှောင်မိုက်။

နေကွယ်ကာ၊ လမထွက်လို့
ဆက်မည့်ခရီးမှောင်မှောင်မိုက်စေတော့
ကိုယ့်ထိုက်နဲ့ ကိုယ့်ကြမ္မာ
ကိုယ့်လမ်းတာ ကိုယ့်ဖန်တီး....
ကိုယ့်ခရီးကိုယ်သွား
ကိုယ့်အားကိုယ့်မာန်နဲ့
ဖန်မီးအိမ် ညိုကာထွန်းလို့
တွန်းလှကာဘဝဆိုးမှာ
ကြိုးစားလိုက်ပါ....

## ရှာလယ်ချောင်း

ရှာအရှေ့မှာ၊ ကွေ့ကွေ့ကောက်ကောက်
ရှာအနောက်သို့ စီးဖောက်ဖြတ်ပြေး
ချောင်းကလေး....။

သည်တမိုးဝယ်၊ ချောင်းရိုးအတွင်း
ဒေါမာန်သွင်း၍၊ ပြင်းထန်သိပ်သည်း
တဟည်းဟည်းနှင့်၊ စီးဆင်းဖြတ်သွား
ချောင်းရေများသည်၊
လန့်ပါးကြောက်ရွံ့ ဖွယ်ရာတည်း။

မာန်ဟုန်သွင်း၍၊ ပြင်းထန်မြည်ဟည်း
အော်ဟစ်ပြီးသော်၊ စီးဆင်းဖြတ်သွား
ချောင်းရေများသည်၊ ကမ်းပါးကိုဖဲ့
ချောင်းကိုချဲ့၏။

ဒေါသမာန်ကြီး၊ ချောင်းရေစီးကား
ကမ်းကိုစား၍၊ ကမ်းနားသစ်ပင်
ဆွဲနုတ်ငင်၍၊ ရှာတွင်ရေလွှမ်း
မြောင်းနမ်းဟင်းရှက်၊ စိုက်ခင်းကွက်လည်း
ပျက်စီးဆုံးပါးခဲ့ရသည်။

မြေကိုတိုက်စား၊ မြေသားကိုမျို
သစ်ပင်ကိုလှဲ၊ အမြဲမာန်သွင်း
စီးဆင်းဖြတ်ပြေး၊ အို.... ချောင်းကလေး။

တို့မြေကိုဖဲ့၊ နယ်မချဲ့နှင့်
တို့ရဲ့မြေပေါ်၊ မကျူးကျော်နှင့်
စော်ကားရက်စက်၊ တို့ပိုင်နက်ကို

တိုက်ဖျက်ဖဲ့စား၊ သင်မသွားနှင့်

ရွာသားတစု၊ ညီညွတ်မှုဖြင့်
ထုထည်ကြီးမား၊ ရေတံခါးများ
တည်ဆောက်ထားပြီး၊ ရွာဖျားမှနေ
သည်ချောင်းရေကို
တို့တွေဟန့်တားနိုင်ပြီတည်း....။

**(ငွေတာရီ)**

## ကြေကွဲဖွယ်ည

အဖယ်ခက်ပြီ၊ တွယ်မက်တမ်းမော
သောကဆူးများ၊ နလုံးသား၌
စူးစိုက်နစ်ဝင်၊ ရင်သည်ခုန်ဆဲ။

သန်းခေါင်ညလွန်၊ နစ်ကျုံအတွေး
လကွေးတိမ်အုပ်၊ ငုတ်တုတ်ကြည့်မော
ပြောဖူးသည်များ၊ ကြားယောင်ဆတ်ဆတ်
ပြတ်သားဖို့တော့ လိုပြီကွယ်....

ဘယ်တော့လဲလေ....
လိပ်ခဲတည်းလည်း၊ သက်ပြင်းချလိုက်
ဆေးလိပ်ရှိုက်ဖွာ၊ စက္ကန့်နာရီ
တာရှည်အိုရင့်၊ ညဥ့်နက်ခရီး
တီးတိုးဖော်မဲ့၊ အပျော်မဲ့ပျောက်


ဝိညာဉ်ချောက်စေ၊ မေ...ဘယ်မှာလဲ
ရှဲရှဲလေတိုး၊ မိုးတချက်ဝေ့
မေ့ကိုလွမ်းသည်....

မှန်ရေ့ခေါင်းဖြီး၊ ဘီးမှာတွယ်ကျန်
သူမဆံစ၊ မွှေးမြနမ်းရှိုက်
ထလိုက်ထိုင်လိုက်၊ ရင်ဦလပ်ဟာ
ရှိတုန်းပါလား....

ပြတင်းအိမ်ဦး၊ ဆိပ်ဖလူးနဲ့
စံပယ်နဲ့တို့၊ မိုးနဲ့ရောထွေး
သင်းပျံ့မွှေးကြည်၊ အဝေးကလူ
သူမကိုယ်နံ့၊ ထင်ရျှလန့်ကြည့်
မရှိမှုးယစ်၊ အချစ်တစ္ဆေ
ပူးကပ်ချေပြီ၊ မေရေ....တမ်းတ
တဖွဖွနှင့်၊ သည်ကအပူ
သူသိပ့်ါမလား။

မိုးစက်မိငိုက်၊ လေတိုက်သစ်ပင်
ငေးကြည့်စဉ်ပဲ၊ ရင်ထဲမွှန်းကျပ်
ပြတင်းချပ်ပိတ်၊ မွှမွှဖိတ်ကျဲ
မှန်ချပ်ကွဲကြေ၊ လေးပြင်းဝေ့ယမ်း
လွမ်းယင်းစိတ်မှာ ထိခိုက်သည်။

**(သပြေမဂ္ဂဇင်း)**


မောင်စိန်ဝင်း
ပုတီးကုန်း